ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၈၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါကစ္စတန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ပါကစ္စတန် အစ္စလမ်မစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်သော ဝန်ကြီးချုပ် မစ္စတာ ရှောကတ်အဇစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် e-Government အရှိန်အဟုန်ဖြင့် စတင်အကောင်အထည်ဖော်နေပြီ ပြည်သူများအတွက်အကျိုးဆောင်ပေးမှုနှင့် အစိုးရအဖွဲ့အစည်းများစီမံခန့်ခွဲမှု ပိုမိုထိရောက်လာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအကြား Government Network ကြီး မကြာမီပေါ်လာတော့မည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)နှင့် မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်း(MCEA) တို့၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ(MICT Park)၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ MICT DC ဒါရိုက်တာအဖွဲ့ဝင်များ၊ e-Government လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း(MCEA)တို့မှ

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း(MCSA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်း(MCEA)တို့၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

■ "မြန်မာ-တရုတ် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ဖော်ဖြစ်ထွန်းစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဖော်ဆောင်" **ခေါင်းကြီး(စာ–၂)**

■ "ရောဂါဆိုးကြီးတွေကိုကာကွယ်ဖို့ မိမိတို့ ရင်သွေးငယ်လေးတွေကို ကာကွယ်ဆေးတွေ စနစ်တကျ သတ်မှတ်ချိန်မှာ တိတိကျကျ ထိုးနှံတိုက်ကျွေးပေးဖို့ မိဘတိုင်းမှာ တာဝန်ရှိပါတယ်"
ဒေါက်တာသန်းထိန်ဝင်း၏ "သင့်ရင်သွေးအတွက်အရေးပါသော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး အမြန်ထိုးပါမနေ့း" **ဆောင်းပါး (စာ–၁၀)**

■ ဩဂုတ် ၂၇ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၇ ဦးရှိပြီ။ **နိုင်ငံတကာသတင်း(စာ–၅)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ဘက်စုံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး မြန်မာ–တရုတ်သဘောတူစာချုပ်များ ကြိုးပမ်းအကောင်အထည်ဖော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းတွင် ငြိမ်းချမ်းသာယာလျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားသည်လည်း ခိုင်မာတောင့်တင်းလျက်ရှိသည်။ နိုင်ငံတစ်ဝန်း လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံ၊ ဆည်တမံ၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံ၊ ဆေးခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အများအပြား တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ ထိုသို့တိုးတက်ဖြစ်ထွန်းမှုများအပြင် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ တိကျမှန်ကန်မှုကြောင့် နိုင်ငံတကာနှင့်လည်း အကျိုးတူကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးစီးပွားများအတွက် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်လျက်ရှိသည်။

ယနေ့ နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်မှုများသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပေါ်နေသည်။ ယင်းအခြေအနေ အချိန်အခါတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်ပြတ်မခံဘဲ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအချင်းချင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၇ ရက်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ မြန်မာ–တရုတ်သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင်–

"နှစ်နိုင်ငံခေါင်းဆောင်ကြီးများအပါအဝင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် တိုးတက်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ယင်းချစ်ကြည်ရေး ခရီးစဉ်များမှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ တိုးပွားဖြစ်ထွန်းလျက်ရှိကြောင်း"

ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ခေါင်းဆောင်သည့် နိုင်ငံတော်အဆင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် ဇူလိုင်လ ၁၁ရက်မှ ၁၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြသည်။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။

ယခုအခါ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယင်းသို့ မြန်မာနိုင်ငံဘက်မှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ကလည်း လုပ်ငန်းများအကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံအတွက်ရော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထိုမျှသာမက မြန်မာနိုင်ငံသည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်စပ်ပေါင်းကူးပေးနိုင်သည့် မဟာဗျူဟာကျသောဒေသဖြစ်၍ အိမ်နီးနားချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံအချင်းချင်း ကူးသန်းသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့တွင် တိုးတက်ဖြစ်ထွန်းရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေကောင်း၊ အလားအလာကောင်းများ ရှိနေပေသည်။

သို့ဖြစ်ရာ အိမ်နီးချင်းနိုင်ငံများအပါအဝင် မြန်မာ–တရုတ်နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်များ အမြန်ဆုံးအကောင်အထည်ဖော် ဖြစ်ထွန်းစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ် ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉–၈–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သုညတဆိုက်အောင်ရှုပါ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Management Science Detision Making (စီးပွားစီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"** (အပိုင်း–၅)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Bolton Vs Liverpool

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော်များ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာနမိသားစုက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယကချုပ် ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂၆ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးဖေသန်းနှင့် ဌာနအကြီးအကဲများက နာယကချုပ်ဆရာတော်အမှူးပြုသော ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ လှူဒါန်းသော ဆွမ်းအလှူတော်ငွေကျပ် ၃၅၂၀၀၀ ကို ဒုတိယဝန်ကြီးက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းဦးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်က အနုမောဒနာတရား ချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ်၂၇ရက်က ဗဟန်းမြို့နယ်အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်းတွင် အလှူရှင် ဒေါ်ရှမ်းမ၊ ဦးကျော်မြင့်–ဒေါ်တင်ရီ၊ သားမောင်နေအုပ်က ပထမတန်း(ခ)မှ ကျောင်းသား ကျောင်းသူများအတွက် အာဟာရဒါန အဖြစ် ထောပတ်ထမင်းနှင့် ကြက်သားဟင်းတို့ကို ကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဆွေနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က–ပ)

✻ ကျောဖုံးမှ

မြို့ပေါ်ရပ်ကွက်များတွင် စာကြည့်တိုက်အများအပြား ရှိသော်လည်း ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်မှုမှာ အထူးနည်းပါးလျက်ရှိသည်။ မြို့နယ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များရှိနေသည်။ လိုအပ်နေသည်မှာ မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ရန်ပင် ဖြစ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်ရုံး ၆၁ ရုံး၊ မြို့နယ်ရုံး ၂၄၉ ရုံး၊ အခြားရုံး ၅၆ရုံး ဖွင့်လှစ်ပြီး မြို့နှင့်ဝေးကွာသော ကျေးရွာများရှိ ပြည်သူများ စာပေ လေ့လာဖတ်ရှုနိုင်ရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်သိမြင်နိုင်ရေးတို့အတွက် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲများကို သွားရောက်ဆောင်ရွက်နေကြသည်။ ဤသို့ ဆောင်ရွက်ရင်း ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရေးကိုလည်း ကျေးရွာပြည်သူများအား တိုက်တွန်းခဲ့ကြသည်။

အသိအလိမ္မာ ဉာဏ်ပညာကို ထက်မြက်စေသည်။ စာကောင်းပေကောင်းများ တိမ်ကောပပျောက်မှု မရှိစေရန် အထောက်အကူပြုသည်။ ငွေကြေးကုန်ကျမှု မရှိဘဲ ကျေးလက်နေပြည်သူများ စာပေလေ့လာ ဖတ်ရှုခွင့်ရစေသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်း အချိန်မီ ဖတ်ရှုခွင့်ရစေသည်။ဤသို့ဖတ်မှတ်လေ့လာခြင်းဖြင့် စာပေက ပေးသည့် အသိပညာ၊ ဗဟုသုတများရရှိတိုးပွားစေသည်။

ကျေးလက်နေပြည်သူများ အသိပညာ၊ ဗဟုသုတ ကြွယ်ဝလာပါက ခေတ်မီစိုက်ပျိုးရေး၊ ခေတ်မီမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်လာကြမည် ဖြစ်သည်။ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးလာပါက နိုင်ငံတော်ကြီး၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးလာမည်သာ ဖြစ်သည်။

သို့ဖြစ်၍ ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်ကြရန် လိုအပ်သည်။ စာတတ်သူတိုင်း စာပေလေ့လာ ဖတ်ရှုရန် စာကြည့်တိုက်များ ထူထောင်ပေးကြရမည်။ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရေးအတွက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

သုံးခွမြို့နယ်အောင်ပန်းစိန် ကျေးရွာလမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်မျှင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေ၊ အထက်တန်းကျောင်းခွဲကျောင်း အုပ်ဆရာမကြီး ဒေါ်ယဉ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဤသို့ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရေး တိုက်တွန်းခဲ့သဖြင့် ယခုအခါ ကျေးရွာစာကြည့်တိုက်ပေါင်း ၄၂၀၉ခု ရှိနေပြီဖြစ်သည်။ **စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းသည် မိမိ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို သိရှိနားလည်စေသည်။ အကြားအမြင် ဗဟုသုတ တိုးပွားစေသည်။**

ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရေး အတွက် လိုအပ်နေသည်မှာ စာအုပ်၊ စာစောင်များပင် ဖြစ်သည်။ အချို့သောစေတနာရှင်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်၊ စာစောင်များ လာရောက်လှူဒါန်း၍ စာပေဒါနကို ပြုနေကြသည်။ အချို့လည်း မိမိတို့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စာအုပ်စာစောင်များ လှူဒါန်းလျက်ရှိကြသည်။

စာဖတ်တတ်သူတိုင်း နေရာ၊ ဒေသ၊ အသက်အရွယ်၊ အမျိုးဘာသာမရွေး၊ ကျား/မ မရွေး စာပေလေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ကြရမည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ဒေသအာဏာပိုင်များ၏ ပူးပေါင်းပံ့ပိုးကူညီမှု၊ စေတနာရှင် ပြည်သူများ၏ စာအုပ်ဒါနပြုမှုများဖြင့် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရေး ကြိုးပမ်းလျက်ရှိနေသည်။

ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရေးသည် တစ်ဦးတစ်ယောက်၊အဖွဲ့အစည်းတစ်ခုတည်းဖြင့် ကြိုးပမ်း၍မရပါ။ ကျေးလက်နေ ပြည်သူများအား စာပေဗဟုသုတတိုးပွား၍ အသိအမြင် ကြွယ်ဝစေလိုသူတိုင်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးကို ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

သာစည်မြို့နယ် ဝမ်းသာစံပြကျေးရွာတွင် ဇူလိုင် ၃၁ရက်က 'ရွှေမြန်မာ' ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ 'ရွှေမြန်မာ' စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ကျေးရွာအမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်မြရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်ပင်လယ်ပိုင်းဒေသ ကြက်ရှာကျေးရွာအုပ်စု ညီနောင်ကြီးကျေးရွာ ပြည်သူ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ညီနောင်ကြီးကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)နှင့် ကြက်ရှာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာများ၌ တိုးချဲ့ဖွင့်လှစ်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးထွန်းမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားရုံး၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် **(အောက်ပုံ)**သည် တံတားရုံးတွင် ဝန်ထမ်းများအားတွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ တံတားရုံး၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**



မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်
(အဖိတ်နေ့) ၂၉–၈–၂၀၀၄
(တနင်္ဂနွေနေ့) နံနက်ပိုင်း

၇း၀၀	၁။	အဘိဓမ္မာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း **"နိဒါန်း"**
၈း၀၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၁၅	၆။	ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
၈း၁၅	၇။	တံငါတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Say It in English.

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၂၂)
၁၂း၁၅	၅။	ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၂း၂၅	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ဗုံလုံငါးပျံ"** မိုးဒီ၊ခင်လှိုင်၊လှမျိုးသဉ္ဇာနွယ် (ဒါရိုက်တာ–သန်းဖေလေး)
၁၄း၄၅	၇။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၀၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၂၅	၃။	ရန်ကုန်တိုင်း အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ဆင့်မအကြိမ်၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၆၊ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၄၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀	၉။	ညနေခင်းသတင်း
၁၉း၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၁၀)
၁၉း၃၅	၁၂။	စစ်ကိုင်းတောင်ရိုးမညှိုးတယ့်သာသနာ (အပိုင်း–၂)
၁၉း၄၅	၁၃။	မြန်မာ့ဆေးလောက သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုးကုသခြင်း)(အပိုင်း–၂)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း–၂၀)

မြန်မာနိုင်ငံစာတတ်မြောက်ရေး မော်ကွန်းစာအုပ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အများပြည်သူတို့အတွင်း စာမတတ်သူများကို စာတတ်မြောက်လာစေရေးသို့ ရှေးရှု၍ အမျိုးသားကြိုးပမ်းအားထုတ်မှုတစ်ရပ်အဖြစ် ညီညာဖြိုဖြိုဝိုင်းဝန်းဆောင်ရွက်ကြသည်။

ထိုသို့ ကြိုးပမ်းအားထုတ်ကြရာ၌ လူထုအစည်းရုံးလှုပ်ရှားမှု အသွင်ဖြင့် လူတိုင်းစာတတ်မြောက်ရေး အတွက် လူတိုင်း အားတက်သရော ပါဝင်ပူးပေါင်း အားထုတ်ဆောင်ရွက်မှုပြုကြခြင်းဖြစ်သည်။

ဤသို့ တစ်ခဲနက်ကြိုးပမ်းဆောင်ရွက်မှု အရပ်ရပ်ကို တစ်စုတစ်စည်းတည်း သမိုင်းဝင် သမိုင်းတင်သည့်အနေဖြင့် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး မော်ကွန်းစာအုပ်အဖြစ် ဓာတ်ပုံ၊ ရုပ်ပုံ၊ မှတ်တမ်းမှတ်ရာများဖြင့် ဝေဝေဆာဆာ ပုံနှိပ်ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါ မြန်မာနိုင်ငံစာတတ်မြောက်ရေး မော်ကွန်းစာအုပ်ကို၂၀၀၄ ခုနှစ်စက်တင်ဘာ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့မှစတင်ပြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိမြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ဖုန်း–၅၀၂၀၇၇၊၅၂၇၀၅၃ ကဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နာဂျက်ဖ် အကျပ်အတည်း ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် အီရတ်ခေါင်းဆောင်အယ်လ်စစ္စတာနီ နည်းလမ်းရှာဖွေလျက်ရှိ

နာဂျက်ဖ် ဩဂုတ် ၂၆

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင်ဆာဒါ၏ မီဒီတပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များအပါအဝင် အမေရိကန်တပ်ဖွဲ့များ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်မှာ တတိယပတ်အတွင်းသို့ပင် ဝင်ရောက်လာပြီဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင်အီရတ်ခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီက နာဂျက်ဖ်မြို့ အကျပ်အတည်းပြဿနာအား ငြိမ်းချမ်းစွာဖြေရှင်းရေး နည်းလမ်းကို ရှာဖွေလျက်ရှိသည်။

စစ္စတာနီအား သစ္စာခံသူများက စစ္စတာနီ၏ တောင်းဆိုချက်အတိုင်း နာဂျက်ဖ်မြို့မှ ဘဂ္ဂဒက်မြို့သို့ ထွက်ခွာလျက်ရှိနေပြီဖြစ်သည်။ နာဂျက်ဖ်မြို့ရှိ ထင်ရှားသော အဆောက်အအုံအတွင်း မီဒီတပ်ဖွဲ့ဝင်များရှိနေဆဲဖြစ်သော်လည်း အရေအတွက် လျော့ကျလာနေပြီဖြစ်သည်။ စစ္စတာနီ၏ ရည်ရွယ်ချက်မှာ မော့တာဒါအယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့များကို အဆောက်အအုံအတွင်းမှ ထွက်ခွာစေရန်နှင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ နာဂျက်ဖ်မြို့မှ ထွက်ခွာသွားကြစေရန်ဖြစ်သည်။

(စီအင်န်အင်န်)

လုံခြုံရေးစောင့်ကြပ်

နာဂျက်ဖ်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား စစ်ဆေးရာတွင် ခွေးများသုံးခဲ့မှု စစ်ဘက်ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးရေးမှူးက စစ်ဆေးမည်

ပင်တဂွန် ဩဂုတ် ၂၆

အီရတ်အဘူဂါရိပ် အကျဉ်းစခန်းရှိ အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ၏ အပြုအမူများ တချို့သည် ညှဉ်းပန်းနှိပ်စက်မှုများဖြစ်ကြောင်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာအသစ်၌ ဖော်ပြထားသည်။

အမေရိကန်ဗိုလ်ချုပ်ကြီးဖေး၏ အစီရင်ခံစာတွင် ခေါင်းဆောင်မှု ညံ့ဖျင်းမှုကို ထောက်ပြ ဖော်ပြထားသည်။ ထိုအကျဉ်းသားအရေးကိစ္စတွင် အဘူဂါရိပ်အကျဉ်းစခန်း၌ အလုပ်လုပ်နေသော ဝန်ထမ်း၅၃ ဦးလုံးပါဝင်ခဲ့မှုရှိမရှိဖော်ပြထားခြင်း မရှိဟုဆိုသည်။

ရှုပ်ထွေး

အဘူဂါရိပ်အကျဉ်းစခန်းအတွင်း ဝန်ထမ်းအင်အားနည်းပါးပြီး ပြဋ္ဌာန်းထားသော စစ်ဆေးမေးမြန်းမှုဥပဒေများသည်လည်း ရှုပ်ထွေးလျက်ရှိကာ မည်သူ၌ တာဝန် ရှိသည်ကို အတိအကျမသိရှိကြောင်း၊ ထိုအစီရင်ခံစာသစ်၌ ဖော်ပြထားသည်။ အဘူဂါရိပ် အကျဉ်းစခန်းထောက်လှမ်းရေးမှူး ဗိုလ်မှူးကြီးသောမတ်စ် ပက်ပက်စ်သည် ၎င်း၏ တပ်ဖွဲ့ဝင်များအား လုံလောက်သောသတင်းပေးမှုမရှိသကဲ့သို့ အကျဉ်းသားများအား စစ်ဆေးမှုပြုစဉ်အတွင်း ခွေးများ အသုံးပြုရာတွင် စည်းမျဉ်းများ သေသေချာချာ ချမှတ်ပေးခြင်းမရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

အီရတ် အဘူဂါရိပ် အကျဉ်းစခန်းရှိ အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ၏အပြုအမူများ တချို့သည် ညှဉ်းပန်းနှိပ်စက်မှုများဖြစ်ကြောင်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်၏ အစီရင်ခံစာအသစ်၌ ဖော်ပြထားသည်။

အကျဉ်းထောင်၌ စစ်ခွေးများ အသုံးပြုခြင်းသည် ကြောက်ရွံ့ဖွယ်ကောင်းကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီး ပေါ်လ်ကန်ကပြောကြားပြီး ထိုအရေးကိစ္စများကိုအမေရိကန်စစ်ဘက်ရာဇဝတ်မှုဆိုင်ရာ ထိပ်တန်းစစ်ဆေးရေးမှူးက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

အမေရိကန်နိုင်ငံနယူးယောက်မြို့ရှိကျောင်းသား ၂၅၀၀ကျော် အချင်းချင်းအနိုင်ကျင့်မှုကြောင့် ကျောင်းရွှေ့ပြောင်းခဲ့ကြရ

နယူးယောက် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိကျောင်းများ၌ ပညာသင်ကြားနေကြသော ကျောင်းသူ ကျောင်းသား ၂၅၀၀ကျော်သည် ပြီးခဲ့သောနှစ်က အချင်းချင်းအနိုင်ကျင့်မှုများကြောင့် ယင်းတို့၏ကျောင်းများမှ ရွှေ့ပြောင်းကြရသည်ဟု နယူးယောက်ပို့စ်က တနင်္လာနေ့က ဖော်ပြသည်။

ကျောင်းသူကျောင်းသား ၂၅၄၀ အား စက်တင်ဘာလမှ ဇွန်လအတွင်း လုံခြုံဘေးကင်းစွာ လွှဲပြောင်းပေးရန် နယူးယောက်ပညာရေးဌာနကသဘောတူထားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အတန်း သားအဖော်များက ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်းနှင့် ရိုက်နှက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း အဆိုပါ သတင်းစာက ဖော်ပြသည်။

လွှဲပြောင်း

နယူးယောက်၌ ကျောင်း ၁၃၀၀ ခန့်ရှိရာတွင် တစ်ကျောင်းလျှင် နှစ်ဦးနှုန်း လုံခြုံဘေးကင်းစွာ လွှဲပြောင်းပေးခွင့် ရရှိခဲ့သည်ဟုဆိုသည်။

မန်ဟက်တန်နှင့် ဘရွန်ဇ်တောင်ပိုင်း၌ အများဆုံးရှိသည့် အမှတ်(၉) ဒေသမှ ကျောင်းများတွင် လွှဲပြောင်းပေးရသူ ၃၄၃ဦးရှိသည်။ ယင်းအရေအတွက်သည် ဝါရှင်တန်ရှိ ကျောင်းမှ ကျောင်းသားများနှင့် အမှုထမ်းများ အဖို့အံ့ဩမည်မဟုတ်ကြောင်း၊အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သော အဆိုပါကျောင်းများသည်မြို့တော်ဝန်မိုက်ကယ်ဘလွန်းဘတ်က အန္တရာယ်အများဆုံး ကျောင်းစာရင်း၌ထည့်သွင်းထားသည်။

သဘောတူ

ဘရွန်ကလင်း တောင်ပိုင်းရှိ အမှတ်(၆)ဒေသ၌ ကျောင်းသား ၁၂၉ ဦးအား လုံခြုံဘေးကင်းစွာ လွှဲပြောင်းပေးရန် သဘောတူထားသည်။

ယင်းဒေသတွင် မြို့တော်ဝန်၏ အန္တရာယ်အများဆုံးဟု သတ်မှတ်ထားသော ကျောင်းများပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိသျှကလေးများကျောင်း၌ ကြိုးနိုင်ငယ်ညှဉ်း ပိုများလာ

လန်ဒန် ဩဂုတ် ၂၆

ကျောင်း၌ ကြိုးနိုင်ငယ်ညှဉ်းလုပ်ခံရခြင်းနှင့်ပတ်သက်၍ အကူအညီပေးတယ်လီဖုန်းမှနေ၍ အကြံဉာဏ်တောင်းခံသော ဗြိတိသျှကလေးငယ်များ ပို၍ပို၍ များပြားလာကြောင်း စာနာထောက်ထားရေးအဖွဲ့ ချိုင်းလိုင်းက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ကြိုးနိုင်ငယ်ညှဉ်းလုပ်မှုနှင့်ပတ်သက်၍ လွန်ခဲ့သည့်နှစ်အတွင်း အကြံပေးခဲ့ရသော ကလေးများအရေအတွက်သည် ၄၂ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရကြောင်း ချိုင်းလိုင်းက ပြောကြားသည်။

၂၀၀၄ခုနှစ် မတ်လအထိ ချိုင်းလိုင်းအကြံပေးပုဂ္ဂိုလ်ထံ ဆက်သွယ်အကြံဉာဏ်တောင်းခံသော ကလေးငယ် ၃၁၀၀၀ ကျော်ရှိခဲ့ရာ ယခင်နှစ်က ရှိခဲ့သော ၂၂၀၀၀ ထက် မြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ရေနံပိုက်လိုင်းမီးလောင်

ဘာကူဘာမြို့အနီး တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားခရီးသည်တင် လေယာဉ်နှစ်စင်း ပျက်ကျ

မော်စကို ဩဂုတ် ၂၆

ရုရှားနိုင်ငံ၌ ခရီးသည်တင်လေယာဉ်ကြီးနှစ်စင်းသည် တစ်ပြိုင်နက်တည်းနီးပါး နိုင်ငံ၏တစ်နေရာစီတွင် ယမန်နေ့က ပျက်ကျခဲ့ရာ လေယာဉ်များပေါ်ပါရှိသူ ခရီးသည် ၈၉ ဦးနှင့် လေယာဉ်အမှုထမ်းအားလုံး သေဆုံးခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ဖွယ်ရှိကြောင်း သိရှိရသည်။ ၎င်းလေယာဉ်များသည် မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်မှ တစ်နာရီအတွင်း ပျံသန်းထွက်ခွာသွားကြခြင်း ဖြစ်သည်။

တီယူ ၁၃၄ ခရီးသည်တင်လေယာဉ်သည် မော်စကိုမြို့တောင်ဘက် မိုင် ၁၁၀ အကွာရှိ တူလာမြို့အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်ပါရှိသူ ခရီးသည် ၄၃ ဦးသေဆုံးကြောင်း၊ လေယာဉ်၏ သေတ္တာနက်ခုအနက် တစ်ခုကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ မျက်မြင်သက်သေများ ပြောကြားချက်အရ ပေါက်ကွဲသံကြီး သုံးခုကြားခဲ့ရကြောင်း သိရှိရသည်။ ဒုတိယလေယာဉ် တီယူ ၁၅၄ ခရီးသည်တင် လေယာဉ်သည် ခရီးသည် ၄၆ ဦးလိုက်ပါလာပြီး မော်စကိုမှ ပင်လယ်နက်ဆိပ်ကမ်း ဆိုချီမြို့သို့ ပျံသန်းခဲ့ခြင်းဖြစ်ကာ ပထမလေယာဉ်ပျက်စဉ်မှာပင် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(စီအက်ဖ်အိုင်)**

နယူးယောက်၌ ရီပတ်ဘလစ်ကင်ညီလာခံ မစတင်မီ ဂျော့ချ်ဒဗလျူဘုရှ်အား ဆန့်ကျင်ဆန္ဒပြခဲ့ကြ

နယူးယောက် ဩဂုတ် ၂၇

လွန်ခဲ့သည့်လေးနှစ်က သမ္မတဂျော့ဒဗလျူဘုရှ်၏ ယှဉ်ပြိုင်ဘက်အား နယူးယောက်မြို့သူ မြို့သားများက တစ်ခဲနက် ဆန္ဒမဲပေးခဲ့ကြသည်။ ယခုအခါ သမ္မတဘုရှ်သည် သမ္မတပြန်အရွေးခံရရန်အတွက် ထိုမြို့တွင် သူ့အား လျာထားသတ်မှတ်မည့် ရီပတ်ဘလစ်ကင် ညီလာခံကို စတင်ကျင်းပတော့မည်ဖြစ်သည်။ နယူးယောက်၌ ထိုညီလာခံမစမီ ကြာသပတေးနေ့တွင် ဆန္ဒပြမှုများနှင့် ဖမ်းဆီးမှုများ စတင်ရှိခဲ့သည်။

အေအိုင်ဒီအက်စ်လှုပ်ရှားရေးသမား တစ်ဒါဇင်ခန့်သည် နယူးယောက် မက်ဒီဆင်ရင်ပြင်တွင် အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှုကို တိုက်ဖျက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးရန် သမ္မတဘုရှ်အား ကြာသပတေးနေ့က တောင်းဆိုခဲ့ကြသည်။

ခေါင်ဆောင်

ထို့ပြင် အမှန်တရားဘက်ကိုညွှန်ပြသော မြားတစ်စင်းနှင့် ဘုရှ်က ဆန့်ကျင်ဘက်ကိုညွှန်ပြနေသော မြားတစ်စင်းတို့အား ဖော်ပြထားသည့် စာတန်းကို ပလာဇာဟိုတယ်မျက်နှာစာမှ အောက်ချဖို့ကြိုးစားသည့် လူနှစ်ဦးကိုလည်း ရဲက ထိုနေ့၌ ခေါ်ဆောင်သွားခဲ့သည်။

နယူးယောက်မြို့၏ စင်ထရယ်ပါ့ခ်တွင် ဆန္ဒပြပွဲများမလုပ်ရန် တရားရုံးက တားမြစ်ထားလင့်ကစား ဆန္ဒပြသူများက ထိုစင်ထရယ်ပါ့ခ်၌ စုရုံးခဲ့ကြရာ ယခုသီတင်းပတ်ကုန်ပိုင်း၌ ထိပ်တိုက်တွေ့နိုင်သည့် အခြေအနေများသည် ပို၍များလာခဲ့သည်။

စုရုံးမည်

စစ်ဆန့်ကျင်ရေး အန်ဆာအုပ်စုက ဩဂုတ် ၃၀ နှင့် စက်တင်ဘာ ၂ ရက်၌ကျင်းပမည့် ရီပတ်ဘလစ်ကင် ညီလာခံမတိုင်မီ၌ မည့်သည့်နည်းဖြင့်ဖြစ်စေ ထိုစင်ထရယ်ပါ့ခ်၌ စုရုံးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဩဂုတ် ၂၇ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၈ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၇ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၆၈ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၂၄ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၃၀ ဖြစ်ပြီး ယင်းအနက် ၆၁၅ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

နာဂျက်ဖ်မြို့၌ ပိုမိုပြင်းထန်လာသော တိုက်ခိုက်မှုများကိစ္စ အစ္စလမ္မစ်ညီလာခံအဖွဲ့ နယူးယောက်၌ ဆွေးနွေးမည်

ကုလသမဂ္ဂ ဩဂုတ် ၂၆

အစ္စလမ္မစ်ညီလာခံအဖွဲ့(အိုအိုင်စီ) နိုင်ငံခြားရေးဝန်ကြီးများသည် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အရှိန်ပြင်းထန်လာသော တိုက်ခိုက်မှုများကိစ္စကို ယခုစက်တင်ဘာလ၌ ကျင်းပရန်ရှိသော ကုလသမဂ္ဂအထွေထွေညီလာခံနှင့် မဆိုင်ဘဲ နယူးယောက်၌ တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။

ထိုသို့ ဆွေးနွေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆီယက်ဒ်ဟာမစ်အယ်လ်ဘားက ကွာလာလမ်ပူမြို့တွင် ကြာသပတေးနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။

လိုအပ်

အီရတ်နိုင်ငံ ငြိမ်းချမ်းပြီး တည်ငြိမ်မှု ပြန်ရရန်အတွက် နည်းလမ်းများကို ဆွေးနွေးမည့် မတူညီသော အဖွဲ့အစည်းများ အီရတ်တွင်လိုအပ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

သွားမည်

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆီယက်ဒ်ဟာမစ်သည် စက်တင်ဘာ ၂၀ ရက်၌ နယူးယောက်သို့ သွားမည်ဖြစ်ပြီး ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက စက်တင်ဘာ ၂၆ ရက်၌ နယူးယောက်သို့ သွားမည်ဖြစ်သည်။

လျော့စေနိုင်

အီရတ် လူမျိုးများသည်သာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပေးနိုင်ပြီး ၎င်းတို့ခံစားနေရသည်များကို လျော့စေနိုင်ကြောင်း ဆီယက်ဒ်ဟာမစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေးစောင့်ကြပ်

နာဂျက်ဖ်မြို့ရှိ အဆောက်အအုံတစ်ခုအတွင်း လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကူဖာမြို့တွင် စိန်ပြောင်းကျည် ပေါက်ကွဲထိမှန်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦးအား ဆေးကုသမှုခံယူရန် သယ်ဆောင်လာသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရာထူးမှ နုတ်ထွက်ပေးရန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ထပ်မံတောင်းဆို

ဝါရှင်တန် ဩဂုတ် ၂၇

အဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားများအား မတရားနှိပ်စက်မှုကို စုံစမ်းစစ်ဆေးချက် တစ်ရပ်က ဦးဆောင်မှုအပိုင်းညံ့ဖျင်းကြောင်း ပြသနေသည်ဟု အမေရိကန် ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားကာ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ် ရာထူးမှ နုတ်ထွက်ပေးရန် ဗုဒ္ဓဟူးနေ့က ထပ်မံတောင်းဆိုလိုက်သည်။

အဖွဲ့ဝင်လေးဦးပါ ခုံအဖွဲ့က အင်္ဂါနေ့၌ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဦးဆောင်မှုအပိုင်းညံ့ဖျင်းကြောင်း ဖော်ပြထားသည်ဟု ဂျွန်ကယ်ရီက ပင်ဆီလ်ဗေးနီးယားပြည်နယ် ဖီလာဒဲဖီးယားမြို့တွင် ၎င်းအား ထောက်ခံသူများကို ပြောကြားသည်။

အပြစ်ဖို့ရမည်

အိမ်ဖြူနှင့် ပင်တဂွန်ရှိ ခေါင်းဆောင်များအား အီရတ်၏ အဘူဂါရိပ်အကျဉ်းစခန်း၌ မတရားနှိပ်စက်ညှဉ်းပန်းမှုအတွက် အပြစ်ဖို့ရမည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

ယင်းသည် ဦးဆောင်မှုအပိုင်းနှင့် တာဝန်ရှိမှုအပိုင်းဖြစ်ကြောင်း၊ အမေရိကန်တို့သည် အမှန်တရားကို လိုလားကြပြီး တာဝန်ရှိမှုကို လိုလားကြကြောင်းလည်း ကယ်ရီက ဆက်လက် ပြောကြားသည်။

တောင်းဆို

ကယ်ရီသည် ရမ်းစ်ဖဲလ် ရာထူးမှနုတ်ထွက်ရန် ထပ်ကာတလဲတောင်းဆိုခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုအရှုပ်အထွေးကို စုံစမ်းစစ်ဆေးရန်အတွက် လွတ်လပ်သော ကော်မရှင်တစ်ရပ်ကို ခန့်အပ်တာဝန်ပေးရန် ဘုရှ်အား တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ အီတလီသတင်းထောက်သတ်ဖြတ်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ်ဖမ်းဆီးခံရသော အီတလီနိုင်ငံသား သတင်းထောက်သတ်ဖြတ်ခံခဲ့ရကြောင်း အီတလီအစိုးရက အတည်ပြုပြောကြားခဲ့သည်။

အီတလီအစိုးရက အီရတ်နိုင်ငံရှိ တပ်ဖွဲ့များရုပ်သိမ်းပေးရန် တောင်းဆိုချက်ကို ငြင်းဆန်ခဲ့သည့်အတွက် ပြန်ပေးသမားတို့က အီတလီနိုင်ငံသား သတင်းထောက် ဘော်လ်ဒိုနီအား သတ်ဖြတ်ခဲ့သည်ကို အယ်လ်ဂျာဇီရာ ရုပ်သံ၌ ဖော်ပြခဲ့သည်။

ဘော်လ်ဒိုနီသည် ကြက်ခြေနီတပ်ဖွဲ့ လုပ်အားပေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်ပြီး ယခုလို လူမဆန်သည့် လုပ်ရပ်အတွက် ဖော်ပြစရာ စကားလုံးမရှိကြောင်း အီတလီဝန်ကြီးချုပ် ဘာလူစကိုနီ၏ ကြေညာချက်၌ ဖော်ပြထားသည်။ **(စီအင်န်အင်န်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းများနှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပရာ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်နှင့် e-National Task Force အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့်သဘာပတိအဖွဲ့ဝင်များအဖြစ်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာကျော်သိန်းနှင့် ဦးတင်ဝင်းအောင်တို့ကဆောင်ရွက်ကြသည်။

တင်ပြောက်

အစီအစဉ်အရ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ဆောင်ရွက်ချက်အစီရင်ခံစာကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအတွင်းရေးမှူး ဦးခွန်ဦးက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးဝင်းက လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ် ဦးစိုးဝင်းထွန်းက လည်းကောင်း ဖတ်ကြားတင်ပြပြီး အမှုဆောင်များဖြည့်စွက်အစားထိုးတင်မြှောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဆောင်ရွက်ချက် အစီရင်ခံစာကို အတွင်းရေးမှူး ဦးသိန်းထွန်းဖေက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်တင်တင်အေးက လည်းကောင်း၊စာရင်းစစ်အစီရင်ခံစာကိုဒေါ်သင်းသင်းမြတ်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အမှုဆောင်များဖြည့်စွက်အစားထိုးတင်မြှောက်ကြသည်။

အစားထိုး

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်း၏ဆောင်ရွက်ချက်များကို အတွင်းရေးမှူးဒေါ်စုစုလှိုင်က ဖတ်ကြားတင်ပြပြီး အမှုဆောင်သစ်များဖြည့်စွက်အစားထိုးတင်မြှောက်ကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌဒေါက်တာကျော်သိန်းနှင့်ဦးတင်ဝင်းအောင်၊မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌဦးသောင်းတင်နှင့်မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဦးအောင်ဇော်မြင့်တို့က Myanmar- Japan Cross Certification Exam, MCSA Exam, MCSA က ကြီးမှူးသော Multi Media သင်တန်းအသီးသီးတို့၌ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအားလည်းကောင်း၊ MCSA နှင့် JITEC Exam ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီခဲ့ကြသော ဆရာ ဆရာမများနှင့် Company များအားလည်းကောင်း၊ e-Learning Centre ၌သင်တန်းများပို့ချပေးခဲ့သော ဆရာ ဆရာမများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကိုတစ်ဦးချင်းပေးအပ်ပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ Software လုပ်ငန်းခွင်နှင့်ပတ်သက်သည့် အခွင့်အလမ်းများနှင့်ကြုံတွေ့ရမည့်အခက်အခဲများနှင့်ပတ်သက်သည့် Seminar များကိုလည်းကောင်း၊ Programming ပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲကိုလည်းကောင်း ကျင်းပကြသည်။ **(သတင်းစဉ်)**

A Myanmar Tapestry စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၈

The Myanmar Perspectives မဂ္ဂဇင်းမှ ပင်တိုင်ဆောင်းပါးရှင်နှင့် အယ်ဒီတာ တစ်ဦးဖြစ်သည့် ပါမောက္ခ ဒေါ်ကြည်ကြည်လှ၏ လက်ရာဆောင်းပါးများမှ လက်ရွေးစင် ဆောင်းပါးတို့ကို စုစည်း၍ တော်ဝင် ပုံနှိပ်တိုက်က A Myanmar Tapestry အမည်ဖြင့် ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ပါဝင်သည့်ဆောင်းပါးများမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဘဝအဖုံဖုံကို ဘက်စုံရှုထောင့်မှ စာရေးသူ၏ ခံစားချက်ဖြင့် ထင်ဟပ်ကာ ခြယ်မှုန်းရေးသားထားခြင်းဖြစ်ရာ မြန်မာနိုင်ငံသားများအတွက် ဗဟုသုတဖြစ်စေသလို နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်လည်း စိတ်ဝင်စားစေမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉–၈–၂၀၀၄ ရက်နေ့

၂၀၀၄ ခုနှစ် စက်တင်ဘာလအတွက်

(၁၂–၉–၂၀၀၄) ရက်နေ့ နှင့် (၂၆–၉–၂၀၀၄) ရက်နေ့

(၆)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲတက်ရောက်သူများအားညစာတည်ခင်း

ရန်ကုန် ဩဂုတ် ၂၈

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်သည် ရန်ကုန်မြို့တွင်ကျင်းပသော (၆)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သူများအား ယမန်နေ့ညနေ ၆နာရီ ခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များ နှင့်ဥက္ကဋ္ဌ၊ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသူများ၊ အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းအမှုဆောင်ဒါရိုက်တာ Prof. Dr. Supachai Yavaproabhas ဆွေးနွေးပွဲတက်ရောက်ကြသည့် အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်ကဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်အပြီးတွင် ဆွေးနွေးပွဲတက်ရောက်သူများက နိုင်ငံအလိုက် ယဉ်ကျေးမှုအဆိုအကများကို စုပေါင်းသီဆို ဖျော်ဖြေတင်ဆက်ကြသည်။**(အောက်ပုံ)**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းအမှုဆောင် ဒါရိုက်တာဆွေးနွေးပွဲတက်ရောက်ကြသည့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၂၇–၈–၂၀၀၄

မချမ်းဘောမြို့

၄ ဒသမ ၈၄ လက်မ

ခန္တီးမြို့

၄ ဒသမ ၂၉ လက်မ

ဘားအံမြို့

၂ ဒသမ ၈၀ လက်မ

သထုံမြို့

၂ ဒသမ ၅၆ လက်မ

စစ်တွေမြို့

၂ ဒသမ ၄၈ လက်မ

ဘင်္ဂလားဒေ့ရှ်၌ကျင်းပမည့်လူငယ်ဟော်ကီပြိုင်ပွဲ မြန်မာအသင်းအောင်နိုင်ရေးကြိုတင်ပြင်ဆင်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲအတွက် ဒုတိယအကြိမ် အောင်နိုင်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ PANORAMA ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဂုဏ်ထူးဆောင် အမှုဆောင် ဦးစံတင်အောင်(ရွှေဘို)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်၊ ဦးမောင်မောင်(ရွှေကမ္ဘာ)၊ အထွေထွေအတွင်းရေးမှူးဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၁)ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်နိုင်နှင့် အမှုဆောင်များနှင့် အောင်နိုင်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်(ပြည်ပရေးရာတာဝန်ခံ)က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ပြိုင်ပွဲ အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အောင်နိုင်ရေး ကော်မတီအတွင်းရေးမှူး ဦးမြင့်နိုင်က အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီ အားကစားသမားများအား စခန်းသွင်းထားမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များကိုလည်းကောင်း၊အောင်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က မြန်မာ့လူငယ်အသင်း အောင်နိုင်ရေးအတွက် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ မြန်မာ့လူငယ်လက်ရွေးစင် လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဌေးသိန်းက လက်ရွေးစင်များကို လေ့ကျင့်ရေးနှင့်ပတ်သက်၍ လည်းကောင်းရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ပရိယတ္တိသာသနာ့တက္ကသိုလ်ဆရာတော်၊သံဃာတော်များအား ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့်ဝန်ထမ်းမိသားစုတစ်နေ့တာဆွမ်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာအောင်သံဃာ အပါး ၄၅၀တို့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီးဒေါ်ခင်အေးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဇနီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၏ဇနီး၊ ဝန်ကြီးဌာနနှစ်ခုလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)ရှိ စာချ၊ စာသင်ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် သုံးသိန်းတစ်ထောင်ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြတ်အောင်က လက်ခံရယူပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၈ရက်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာအောင်သံဃာ အပါး ၄၅၀တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဇနီး ဒေါ်ခင်အေးနှင့် ပရိသတ်များ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှဝေကြစဉ်။

(မီးသတ်ဦးစီး)

သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို သံဝေဇနီယလေးဌာန တည်ရှိရာအိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြခတ်ဝိုင်းဆရာတော် ကိုးပါးသီလချီးမြှင့်တော်မူမည်

ရန်ကုန် ဩဂုတ် ၂၈

၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၃၀ရက်) တနင်္လာနေ့တွင် နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇ မဟာရဋ္ဌဂုရုဘဒ္ဒန္တ ဇောတိပါလက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သံဝေဇနီယလေးဌာနဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

သံဝေဇနီယလေးဌာနတည်ရှိရာ အိန္ဒိယသမ္မတနိုင်ငံနှင့်နီပေါနိုင်ငံ တို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သံဝေဇနီယလေးဌာန ဘုရားဖူးစေလွှတ်ရေး နာယကအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဘုရားဖူးစေလွှတ်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှအဖွဲ့ဝင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် သံဝေဇနီယလေးဌာန ဘုရားဖူးစေလွှတ်ရေး နာယကအဖွဲ့ဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အမှာစကားပြောကြားပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ်ဦးစန်းလွင်က သံဝေဇနီယလေးဌာန ဘုရားဖူးအဖွဲ့များအား ဘုရားဖူးစေလွှတ်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ်၂၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၂၁)ကျောင်း ကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ဒုတိယတန်းကျောင်းသူ မထက်ထက်လွင် မွေးနေ့အလှူအဖြစ် ဘွားဘွား ဒေါ်အေးဆင့်အားရည်စူး၍ ကျောင်း ဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်၅၀၀၀နှင့် ကျောင်းသားကျောင်းသူများအား နို့ဆန်ပြုတ် အာဟာရကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ရှိန်နှင့် ဆရာမများကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (ဝ၅၄)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ယာဉ်အန္တရာယ် ကင်းရှင်းရေးဟောပြော

ရန်ကုန် ဩဂုတ် ၂၈

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ် ကင်းရှင်းရေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီနှင့် မွန်းလွဲ ၁ နာရီ တို့တွင် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာကြသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး သိန်းဆွေက ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ လိုက်နာရမည့် အချက်အလက်များကို ပရိဂျက်တာဖြင့် ပြသကာ ရှင်းလင်းဟောပြောသည်။ **(မြန်မာ့အလင်း)**

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် ဩဂုတ် ၂၈

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့်ရှိနေကြောင်း သိရသည်။

ဩဂုတ် ၂၉ ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသ နှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ ရှေ့ဖုံးမှ

အမှုဆောင်များနှင့် အသင်းဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်အသင်းများ၏ ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်များ၊ ICT ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT Master Plan များ ရေးဆွဲကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန့်ပွားရေးတို့အတွက် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မှု၊ International ICT Exhibition များ ကျင်းပခဲ့မှု၊ IT Caravan နယ်လှည့်ဟောပြောပွဲများ သွားရောက်ခဲ့မှု၊ သတင်းလွှာများနှင့် စာအုပ်များ ထုတ်ဝေခဲ့မှုနှင့် MICT Park၌ Resource Centre တည်ထောင်ထားရှိမှု၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့မှု၊ e-Learning Center၌ ဖွင့်လှစ်နေသော သင်တန်းများ၊ အထူးပြုလေ့လာရေးအဖွဲ့ (Special Interest Group-SIG)မှ ဦးဆောင်၍ အပတ်စဉ် ပညာရှင်ဆွေးနွေးပွဲများ ပြုလုပ်ဖလှယ်နေမှု၊ ICT Industry ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံသို့ လေ့လာရေးခရီးစဉ်များသွားရောက်ခဲ့မှု၊ National ICT Award များ ရွေးချယ်ချီးမြှင့်မှု၊ ကွန်ပျူတာသုံး မြန်မာစာစနစ် ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုနှင့် အခြား ICT ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မိမိတို့ တစ်ပိုင်တစ်နိုင် ပြန့်ကျဲဆောင်ရွက်နေခဲ့ကြသည့် ICT ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဝါသနာရှင်များကို စုစည်းဆောင်ရွက်နိုင်ခဲ့သလို အသင်းချုပ်ကြီးအနေဖြင့် ပုဂ္ဂလိက ICT ကဏ္ဍကို ကိုယ်စားပြုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်အစိုးရကလည်း ကူညီပံ့ပိုးမှုများကို ထိရောက်စွာ ပြုလုပ်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာ ICT လောကနှင့် ဆက်ဆံသည့်နေရာတွင်လည်း မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုအဖြစ်နှင့် ဂုဏ်သိက္ခာရှိရှိ တန်းတူရည်တူ ဆက်သွယ်ဆောင်ရွက်နေနိုင်ပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ICT နည်းပညာ၏ အကျိုးကျေးဇူးကို လူမှုစီးပွားရေးဘဝကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကျိုးရှိထိုက်တန်စွာ အသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းခြင်းဆိုင်ရာအပိုင်း၌ အသင့်ရှိနေပြီ (Readiness of Institutionalization) ရှိနေပြီဟု ပြောကြားလိုကြောင်း။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ယခုဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၀ပြည့်နှစ် အောက်တိုဘာလက စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ASEAN ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးက သဘောတူချမှတ်ထားသည့် e-ASEAN Frame Work Agreement အရ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် လိုအပ်သောဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များပြေလျော့ပေးရေး၊ (၅) ICT ပစ္စည်းနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးရာတွင် ရင်းနှီးမြှုပ်နှံမှု တိုးပွားလာအောင် ဆောင်ရွက်ရေး၊ (၆) အာဆီယံမိသားစုဝင် နိုင်ငံများအကြား နည်းပညာကွာဟမှု (Digital Divide) လျော့နည်းလာပြီး e-Society တစ်ခုဖြစ်လာရန်အတွက် ICT ဆိုင်ရာ အရည်အသွေးတည်ဆောက်ရေး (Capacity Building) စသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဖြန့်ကြက် အကောင်အထည်ဖော်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ထိုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် e-ASEAN Frame work Agreement မှာပါရှိသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ပြီးမြောက်အောင်မြင်မှု အတိုင်းအတာသည်လည်း အခြားသော အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်နေပြီလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သည့် e-Visa, e-Passport, e-Government Portal, e-Precurement စသည့်လုပ်ငန်းများသည် အချို့သော အာဆီယံနိုင်ငံများ၌သာ စတင်ဆောင်ရွက်နိုင်သေးသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

ပိုပြီးထိရောက်သွက်လက်

ယခုဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် e-Government လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာဆောင်ရွက်နေကြသည့် အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းများသည် ICT နည်းပညာအခြေခံသော e-Gov-

မြန်မာနိုင်ငံသတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍ နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပူးပေါင်းပါဝင်

အားပေးဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိနေသည့်အတွက် ITခေတ်ကာလကြီးဖြစ်သည်ဟု အများက သတ်မှတ်ထားကြကြောင်း၊ ထိုကဲ့သို့ အချိန်ကာလမျိုးတွင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ခိုင်မာပြည့်စုံသည့်အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းစေရေး မျှော်မှန်းချက်ဖြင့် တည့်မတ်ခိုင်မာစွာ တည်ဆောက်ထားနိုင်စေရန် ကြိုးပမ်းနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ခေတ်နှင့်အညီလျော်ညီစွာ တိုးတက်ဖြစ်ထွန်းစေရန် အားပေးဆောင်ရွက်နေချိန်လည်း ဖြစ်ကြောင်း။

အထူးသဖြင့် အနောက်နိုင်ငံကြီးအချို့က နည်းပညာကွာဟမှုများကို အသာစီးယူအသုံးချပြီး ကမ္ဘာ့နိုင်ငံများအကြားတည်ရှိနေပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဖန်တီးလုပ်ဆောင်ရင်း ၎င်းတို့၏ ဩဇာအာဏာလောင်းရိပ်အောက်သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကိုအတင်းအဓမ္မသွတ်သွင်းရန် ကြိုးစား နေချိန်လည်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ အချိန်ကာလမျိုး၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာ အာဏာကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်းသတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာရပ်များကို ထိရောက်စွာအသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးတို့ကို ယှဉ်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ သွက်လက်ထက်မြက်သော စွမ်းပကားကိုအသိအမှတ်ပြုပြီး မိမိတို့၏တိုင်းရင်းသားကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာဝါသနာရှင်များကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဦးဆောင်နိုင်စေရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့် အသင်းအသီးသီးကို ဖွဲ့စည်းတည်ဆောက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။

တန်းတူရည်တူဆောင်ရွက်နိုင်

ထို့ကြောင့် ၁၉၉၈ခုနှစ်တွင် ကွန်ပျူတာအသင်းများနှင့် အသင်းချုပ်ကြီး စတင်ဖွဲ့စည်းပြီးသည့်နောက် ယခင်အခါက တစ်ဦးချင်း တစ်ယောက်ချင်း

အမျိုးသားအဆင့်ကော်မတီများဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ e-National Task Force နှင့် e-Government လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် e-Government Implementation ကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီး e-ASEAN Frame Work Agreement အရ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်း (၆) ရပ်ဖြစ်သည့် (၁)သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံများ (Information Infrastructure)ဖွံ့ဖြိုးရေး၊ (၂) e-Commerce စနစ်ဖြစ်ထွန်းရေး၊ (၃) e-Government စနစ်ဖြစ်ထွန်းရေး၊ (၄)ICTဆိုင်ရာ ကုန်ပစ္စည်းနှင့်

ernment စနစ် အကောင်အထည်ပေါ်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းသူပြည်သားများအတွက် အကျိုးဆောင်ပေးမှုများ၊ ဝန်ဆောင်မှုပေးမှုများ အထူးကောင်းမွန်လာမည်ဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုများသည်လည်း ပိုပြီး ထိရောက်သွက်လက်လာတော့မည် ဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီသောကာလတွင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများအကြား Fiber Optic လိုင်းချိတ်ဆက်ထားသည့် Government Network ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် Information Infrastructure တိုးတက်လာစေရေးအတွက် National Back Bone တစ်ခု တည်ဆောက်နိုင်ရေးနှင့် International Access နှင့် Last Mile Link ပိုကောင်းလာရေးတို့ကို

ICT ကဏ္ဍ အရှိန်အဟုန်ဖြင့်တိုးတက်လာသည်ကို မျက်ဝါးထင်ထင်တွေ့နေရပြီ

❒ အနောက်နိုင်ငံကြီးအချို့က နည်းပညာကွာဟမှုများကို အသာစီးယူအသုံးချပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိနေပြီးဖြစ်သည့် ဆင်းရဲချမ်းသာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဖန်တီးလုပ်ဆောင်ရင်း ၎င်းတို့၏ ဩဇာအာဏာလောင်းရိပ်အောက်သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကို အတင်းအဓမ္မသွတ်သွင်းရန်ကြိုးစားနေ။

❒ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်။

❒ အာဆီယံမိသားစုဝင်နိုင်ငံများအကြား နည်းပညာကွာဟမှု (Digital Divide)လျော့နည်းလာပြီး e-Society တစ်ခုဖြစ်လာရန်အတွက် ICTဆိုင်ရာ အရည်အသွေးတည်ဆောက်ရေး(Capacity Building) စသည့် လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဖြန့်ကြက်အကောင်အထည်ဖော်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်။

❒ မြန်မာနိုင်ငံအနေနှင့် e- ASEAN Frame work Agreement မှာပါသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်နိုင်ရန် စနစ်တကျစီမံဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေပြီး ပြီးမြောက်အောင်မြင်မှု အတိုင်းအတာသည်လည်း အခြားသောအာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်နေပြီ။

❒ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကိုမျှော်မှန်းသည့် ICT ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ ဦးဆောင်ဦးရွက်ပြုမှုများတွင် မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ကြီးနှင့်တကွ အသင်းများအားလုံးက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ ICT ကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ။

ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့အကြားသာမက အခြားမြို့ကြီးများကိုပါ National Back Bone အဖြစ် Fiber Opticလိုင်းချိတ်ဆက်နိုင်ဖို့ ဆောင်ရွက်နေသည့်အပြင် Fiberလိုင်းမရောက်သေးသည့် အခြားသောဒေသများကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Bagan Cyber Tech တို့က V-Satနှင့် i-Pstar ဂြိုဟ်တုဆက်သွယ်ရေးစနစ်များဖြင့် ဆက်သွယ်ပေးထားပြီး ဖြစ်ကြောင်း၊ International Access ကောင်းလာပြီး Internet ချိတ်ဆက်အသုံးပြုမှု တိုးမြှင့်အသုံးပြုနိုင်စေရန် Satellite အပြင် Se-Me-We(3) Submarine Cable ကိုလည်း ချိတ်ဆက်ထားပြီးဖြစ်၍ Bandwidthကို လိုသလို ချဲ့သွားနိုင်နေပြီ ဖြစ်ကြောင်း၊ Last Mile Link ပိုကောင်းလာစေရေးအတွက်လည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် Wireless Broad Bandစနစ် တပ်ဆင်ပြီးဖြစ်သည်သာမက လက်ရှိ တယ်လီဖုန်းလိုင်းများကို အသုံးပြုမည့် Asynchronized Digital Subscriber Line-ADSL ကို စတင်တပ်ဆင်နေပြီဖြစ်ကြောင်း။

ဥပဒေများပြည့်စုံ

ထိုကဲ့သို့ Infrastructure အပိုင်းများတွင် စနစ်တကျ တည်ဆောက်ပေးထားပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးနေဆဲလည်း ဖြစ်ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေ၊ Wide Area Network အမိန့်၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေတို့ကို ပြဋ္ဌာန်းထုတ်ပြန်ပေးထားပြီးဖြစ်သကဲ့သို့ မြန်မာ့ဆက်သွယ်ရေးဥပဒေအတွက်လည်း မူကြမ်းပြီးစီးနေပြီဖြစ်သည့်အတွက် Cyber Law ဟုခေါ်နိုင်မည့်ဥပဒေများ တဖြည်းဖြည်းပြည့်စုံလာနေပြီဖြစ်ကြောင်း။

ဘွဲ့လွန်သင်တန်းဖွင့်

ICT နည်းပညာကဏ္ဍတွင် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေးအတွက်လည်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် နိုင်ငံအနှံ့ မြို့ကြီးများတွင် ကွန်ပျူတာကောလိပ် ၂၄ ခု ထူထောင်ပေးထားပြီးဖြစ်သည့်အပြင် ပညာရေးဝန်ကြီးဌာနအောက်၌ ရှိသော တက္ကသိုလ်ကောလိပ်တိုင်း၌ပါ ကွန်ပျူတာဒီပလိုမာနှင့် ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပေးနေပြီလည်းဖြစ်ကြောင်း။

ICT နည်းပညာဆိုင်ရာ အခြေခံကောင်းများကို လေ့ကျင့်ပေးနိုင်စေရန်အတွက် အခြေခံပညာအထက်တန်းကျောင်းများအားလုံး၊ အလယ်တန်းကျောင်းအများစုနှင့် အချို့သော မူလတန်းကျောင်းများတွင် Multi Mediaစာသင်ခန်းများ ဖွင့်လှစ် ပေးထားပြီးလည်း ဖြစ်ကြောင်း။

စဉ်ဆက်မပြတ်သင်ကြား

ထို့အပြင် ပုဂ္ဂလိကကဏ္ဍတွင်လည်း ကွန်ပျူတာနည်းပညာကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်သာမက မြန်မာပြည် အနှံ့နေရာဒေသ အသီးသီးတို့တွင်လည်း သင်ကြားပေးနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ICT နည်းပညာကျွမ်းကျင်မှုကို နိုင်ငံတကာအဆင့်မီစေရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ကြိုးပမ်းမှုနှင့် မိတ်ဆွေနိုင်ငံများ၏ အကူအညီပေးမှုများကြောင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ ပညာတော်သင်များ နှစ်စဉ်ပို့လွှတ်သင်ကြားစေရုံသာမက MICT Park ၌ Myanmar-Japan-e-Learning Center တစ်ခုဖွင့်လှစ်ထားနိုင်ပြီး နိုင်ငံတကာအဆင့်မီသင်တန်းများကို ပြည်ပမှ ဆရာများဖြင့် စဉ်ဆက်မပြတ် သင်ကြားပေးလျက်ရှိသည်ကို တွေ့ရကြောင်း။

အထောက်အကူပြု

ICT နည်းပညာ နိုင်ငံတကာ အဆင့်မီသည့်အပြင် နိုင်ငံတကာကပါ အသိအမှတ်ပြု လက်ခံနိုင်စေရန်အတွက် ဂျပန်နိုင်ငံ၏ အကူအညီနှင့် Cross Certificationဟုခေါ်သည့် အပြန်အလှန်ကျွမ်းကျင်မှု အသိအမှတ်ပြု JITEC စာမေးပွဲများ ကျင်းပပေးမှုများ၊ JITEC သင်ရိုးအတိုင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ပြုလုပ်ပေးသည့် MCSA စာမေးပွဲ ကျင်းပပေးမှုများ၊ e-Government သင်တန်းများ ပို့ချပေးမှုများသည်လည်း နိုင်ငံတော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဖြစ်ထွန်းစေရန်အတွက် များစွာ အထောက်အကူပြုလာမှာ အမှန်ပဲဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ICT လုပ်ငန်းများဆောင်ရွက်ရေးနှင့် e-Commerceစနစ်အသုံးပြုရေးတို့တွင် လုံခြုံစိတ်ချမှုရှိစေရန်အတွက် အမျိုးသားအဆင့် Certification Authority (CA)ကိုထူထောင်ပြီးဖြစ်သလို ကွန်ပျူတာစနစ်အတွင်း ဝင်ရောက်နှောင့်ယှက်မှုများ၊ မသမာမှုများ၊ ဖျက်ဆီးမှုများကို ကြိုတင်ကာကွယ်နိုင်စေရေးအတွက် အမျိုးသားအဆင့် Computer Emergence Response Team (MM CERT) ကိုလည်း အခြားသော အာဆီယံနိုင်ငံများနည်းတူ ဖွဲ့စည်းထားပြီးလည်းဖြစ်ကြောင်း။

Government to Business (G2B) ဖွံ့ဖြိုးတိုးတက်လာစေရန် e-Procurement စနစ်တစ်ခုကို တီထွင်ပြီး စတင်အသုံးပြုနေပြီလည်းဖြစ်ကြောင်း၊ ကုန်သွယ်မှုအားလုံးအကျုံးဝင်မည့် Trade Electronic Data Interchange (TEDI)စနစ်တစ်ခုကို CLMVနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ပုဂ္ဂလိက ကဏ္ဍ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုကြော်ငြာခြင်း၊ ရောင်းဝယ်ခြင်းတို့ကို ပြုလုပ်နိုင်သည့် Website များ များစွာပေါ်ပေါက်လာနေပြီဖြစ်သည့်အတွက် B2C ပိုင်းများလည်း များစွာအားကောင်းလာသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ On-Line Payment လုပ်နိုင်သည်အထိ တိုးတက်ဖြစ်ထွန်းလာစေရန် ဆက်လက်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ICT ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုရောင်းဝယ်ရေးတွင် ကန့်သတ်ချက်များ ဖြေလျော့ရေးအတွက်လည်း ASEAN သဘောတူညီချက်များနှင့်အညီ သွင်းကုန်ခွန်များ လျှော့ချပေးထားပြီးလည်းဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ICT ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၌ ရင်းနှီးမြှုပ်နှံမှု တိုးပွားလာရေးတွင်လည်း လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သည့် ICT Parkများနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများထူထောင်ပေးထားပြီးဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် ဆက်လက်အားထုတ် ကြိုးပမ်းကြရန်လိုအပ်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICT လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေမည့် ကွန်ပျူတာသုံး မြန်မာစာစနစ် အမြန်ဆုံးပေါ်ပေါက်လာနိုင်ရေးအတွက်လည်း နိုင်ငံတကာအဆင့် ISO Standardနှင့် လက်ခံနိုင်မည့် Myanmar Character Set ကို စံပြုသတ်မှတ်နိုင်ရန်နှင့် တိုင်းရင်းသားဘာသာစကားများကိုပါ တစ်ပါတည်း အသုံးပြုနိုင်ရန် ပညာရှင်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး သုတေသနပြု တီထွင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစနစ်တကျဖြင့် ဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ပြုစုရေးဆွဲထားသော ICT Master Plan ကို ပိုမိုပြည့်စုံကောင်းမွန်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်မိနိုင်စေရေးနှင့် အသေးစိတ်အကောင်အထည်ဖော်မည့် စီမံချက်များပြုလုပ်နိုင်ရေးအတွက်လည်း Initiation for ASEAN Integration (IAI) အစီအစဉ်အရ Myanmar ICT Development Master Plan Project ကို စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးပြောကြားလိုကြောင်း။

တိုးတက်ပြောင်းလဲလာ

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကိုမျှော်မှန်းသည့် ICT ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ဦးဆောင်ဦးရွက်ပြုမှုများတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့်တကွ အသင်းများအားလုံးက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ ICT ကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

အာဆီယံမိသားစုဝင်နိုင်ငံများအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ ICTကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ASEANအသိုင်းအဝိုင်းနှင့်တကွ နိုင်ငံတကာ ICTဖြစ်ပေါ်တိုးတက်မှုများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်မိစေရေးတို့အတွက် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်နှင့် ပုဂ္ဂလိကကဏ္ဍတို့ကပါ ပူးပေါင်းဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့် အောင်မြင်ဖြစ်ထွန်းမှုအကျိုးရလဒ်ကောင်းများသည်လည်း စတင်မြင်တွေ့နေရပြီ ဖြစ်ကြောင်း။

တက်ညီလက်ညီပူးပေါင်း

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၏ အားပေးကူညီဦးဆောင်ပေးမှု၊ စနစ်တကျစီမံခန့်ခွဲပေးမှုတို့ရရှိဖြစ်ထွန်းနေသော အခြေအနေအချိန်အခါကောင်းတွင် တိုင်းရင်းသား ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာဝါသနာရှင်များအားလုံးကလည်း မိမိတို့ သက်ဆိုင်ရာအသင်းများနှင့်တကွ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီး၏ အလံတော်အောက်မှာ တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းပြီး မြန်မာနိုင်ငံ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနှင့် အသင်းများအားလုံး စုစည်းညီညွတ်စွာဖြင့်–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးမှာ ပဓာနကျတဲ့ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ အမျိုးသားရေး မျှော်မှန်းချက်များနဲ့အညီ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း စွမ်းဆောင်ပေးနိုင်ကြပါစေ၊**
- **နိုင်ငံတော်ရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍအသီးသီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖွံ့ဖြိုး တိုးတက်စေရအောင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍက အထောက်အကူပြု ပံ့ပိုးစွမ်းဆောင်ပေးခြင်းအားဖြင့် အမျိုးသားရေး အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်ပေးနိုင်ကြပါစေ၊**
- **မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကြီးနဲ့တကွ အသင်းများအားလုံး အစွန့်ရှည် တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်နိုင်ပါစေ၊ အောင်မြင်သည် ထက်အောင်မြင်ဖြစ်ထွန်းကြပါစေ**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ဝါတွင်းတရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင် ဩဂုတ် ၂၉ ရက်**(ယနေ့)** ည ၇ နာရီမှစ၍ မဟာသဒ္ဓမ္မဇောတိကဓဇ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ ဒေါက်တာမင်းတင်မွန်မှ**“မြတ်သံဃာ”** ဗုဒ္ဓတရားတော်ကို ဟောပြောမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ လာရောက်နာယူနိုင်ကြောင်း ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

ရန်ကုန်တောင်ပိုင်းခရိုင် ဒွါဒသမအကြိမ် ဆို၊က၊ရေး၊တီး ပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမြတ်နိုးသူများတက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့်ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေမှော်ဝန်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အမှတ် (၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ အနုပညာရှင်ကြီးများ၊ ရန်ကုန်တိုင်း ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသော အနုပညာဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့်ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ စန္ဒရား ဦးနီနီထွန်းနှင့်အဖွဲ့က “မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ရွှေရတု၊ စိန်ရတုမှ ပတ္တမြားရတုသို့တိုင်အောင်” ဂုဏ်ပြုတေးသီချင်းကို ကိုယ်တိုင်ရေးသားတီးခတ်၍လည်းကောင်း၊ “နန်းကြာညိုကျော့” သီချင်းကို မစိုးမြဝင်းက သီဆို၍ မအိဇာမွန်၏ အကဖြင့်လည်းကောင်း၊ “မြန်မာ့ကြွေးကြော်သံ” သီချင်းကို မမင်းမင်းမြတ်သူက သီဆို၍ မဇာလီမျိုးချစ်၏အကဖြင့်လည်းကောင်း၊စောင်းဦးမျိုးညွန့်နှင့် စန္ဒရားဦးသက်ထွန်းအဖွဲ့က “မေတ္တာလွှမ်းခြုံ” သီချင်းဖြင့်လည်းကောင်း၊ ဆိုင်းရွှေတံဆိပ်ဆုရှင် မဇာနည်နန်းလွင်က တစ်ကိုယ်တော်လက်စွမ်းပြတီးခတ်၍လည်းကောင်း၊ ဦးမျိုးမြင့်အောင်နှင့်အဖွဲ့က “အောင်စေ၊ ပိုင်စေ”သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ကျောက်တန်းမြို့နယ်အတွင်း၌ ဘာသာရပ်အလိုက် သုံးနေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင်ဝါသနာရှင်အဆင့် ၈၇ ဦး၊ ပညာရှင်အဆင့် ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် ကပြဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

အမှတ် ၃၂၃ ကမ်းနားလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဦးစိုးဝင်း၊ ဒေါ်တင်လှ၊ ဦးအောင်မြင့်၊ ဒေါ်ခင်မြင့်ကြီး၊ ဦးထွန်းမြင့်နှင့် ဒေါ်သောင်းကြည်တို့က ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစိုးနိုင်–ဒေါ်မြကြည်၊ ညီဖြစ်သူ ဦးထွန်းရွှေ၊ သား ဦးအုံကြီး၊ ဦးနေဝင်း(ခ)ဦးဖိုးထောင်တို့အား ရည်စူး၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရ ဆေးပဒေသာပင် ကျပ် ၅၀၀၀၀ နှင့် အထူးရန်ပုံငွေ ကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ်တစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးညွန့်ထံ ပေးအပ်လှူဒါန်းကြစဉ်။ (က–ပ)

ဗိုလ်တထောင် အထက(၆) အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၂၈

ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သည့် ဆရာဆရာမများအား ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ကျောင်းသားများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်တွင် အဆိုပါကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။ ဆက်သွယ်လိုသော ကျောင်းသားများသည် ဖုန်း–၂၄၅၄၆၂၊ ၂၄၃၂၂၈၊ ၂၁၁၁၁၈ နှင့် ၇၀၀၅၂၈၊၇၀၃၄၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၄၀၀)**

သင့်ရင်သွေးအတွက် အရေးပါသော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးအမြန်ထိုးပါ မနှေး

အသည်းရောင်အသားဝါရောဂါဆိုတာ အသည်းရောင်အသားဝါဘီ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ပြင်းထန်သောအသည်းရောဂါ ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ပိုးဟာ ရောဂါကူးစက်ခံရသူ၏ ခန္ဓာကိုယ်မှ သွေးနှင့်ခန္ဓာကိုယ်အရည်များတွင် တွေ့ရှိရပါတယ်။ ထိုရောဂါပိုး ကူးစက်ခြင်းကြောင့် အသက်ဆုံးရှုံးရသည်အထိ ဖြစ်တတ်ပါတယ်။ ဒီရောဂါပိုးဟာ သွေးလမ်းကြောင်းများမှတစ်ဆင့် အသည်းထဲအထိ ဝင်ရောက်ပြီး ပြင်းထန်သောဖျားနာမှုများ ဖြစ်ပွားစေပါတယ်။ တချို့ကိစ္စများတွင် ဒီရောဂါပိုးဟာ ကိုယ်ခန္ဓာထဲတွင် သက်တမ်းကြာရှည်စွာရှိနေတတ်ပြီး ဒီလိုရှိနေခြင်းကြောင့် အသည်းပျက်စီးခြင်းအထိဖြစ်တတ်ပါတယ်။ ဒီအသည်းရောင်အသားဝါဘီရောဂါဟာ အသည်းကင်ဆာဖြစ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်။ အာရှတိုက်နှင့် အာဖရိကတိုက်တို့မှ နိုင်ငံများမှာ အမျိုးသားများရဲ့ သေဆုံးမှု အများဆုံးဖြစ်စေသော ကင်ဆာရောဂါ ဖြစ်ပါတယ်။ အသည်းရောင်အသားဝါရောဂါကို အမျိုးအစားအားဖြင့် အေ၊ ဘီ၊ စီနှင့် အီးဟု လေးမျိုးတွေ့ရပါတယ်။ အသည်းရောင်အသားဝါ အေနှင့်ဘီရောဂါတို့ကို ဖြစ်ပွားခြင်းမှပါ ကာကွယ်ရန် ကာကွယ်ဆေးများရှိပေမယ့်လဲ အသည်းရောင်အသားဝါစီနှင့် အီးရောဂါအတွက် ကာကွယ်ဆေးများ မရှိသေးပါဘူး။ ယခု မြန်မာနိုင်ငံရဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ အသစ်ထည့်သွင်းထိုးနှံပေးမယ့် ကာကွယ်ဆေးကတော့ အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေး ဖြစ်ပါတယ်။

လူအများကတော့ အသားဝါတာဟာ ရောဂါတစ်ခုလို့သာ သိထားကြပါတယ်။ တကယ်တော့ အသားဝါတာဟာ အသည်းရောင် အသားဝါရောဂါရဲ့ ရောဂါလက္ခဏာများထဲက လက္ခဏာတစ်ခုသာ ဖြစ်ပါတယ်။ အသားဝါနိုင်တဲ့ အခြားရောဂါများလဲ ရှိပါသေးတယ်။ အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေးထိုးထားတဲ့ ကလေးဟာ အသည်းရောင်အသားဝါ ဘီရောဂါပိုးကြောင့် ဖြစ်ရတဲ့ အသားဝါရောဂါကို မရနိုင်သော်လဲ တခြားကျန်းမာရေးချွတ်ယွင်းချက် တစ်ခုခုကြောင့် အသားဝါရောဂါ ရနိုင်ပါသေးတယ်။ ကမ္ဘာအနှံ့အပြားတွင် လူဦးရေသန်းပေါင်း ၂၀၀၀ ကျော်မှာ အသည်းရောင်အသားဝါဘီရောဂါပိုး ကူးစက်မှုကို ခံစားနေကြရတယ်။ ဒီအနက် သန်းပေါင်း ၃၅၀ ကျော်မှာ ထိုပိုးကို နာတာရှည်များအဖြစ် သယ်ဆောင်ထားသူများ ဖြစ်ကြပါတယ်။ တစ်နှစ်လျှင် ကမ္ဘာ့လူဦးရေရဲ့ တစ်သန်းဟာ အသည်းရောင်အသားဝါဘီရောဂါဖြင့် (အထူးသဖြင့် ပိုးနာတာရှည်သယ်ဆောင်သူများ) အသက်ဆုံးရှုံးနိုင်ပါတယ်။ နာတာရှည် အသည်းရောင်အသားဝါ ဘီရောဂါပိုး သယ်ဆောင်သူဆိုတာ မိမိခန္ဓာကိုယ်ထဲမှာ ဒီရောဂါပိုးကို ခြောက်လကျော်ထိရှိနေသော သူကိုဆိုလိုပါတယ်။ ရောဂါပိုးသယ်ဆောင်သူဟာ ရောဂါလက္ခဏာများ ပြလေ့မရှိသော်လဲ ရောဂါပိုး သက်တမ်းကြာရှည်စွာ ကူးစက်ခံရပြီး မိမိကတစ်ဆင့်တခြားသူများကို ကူးစက်စေနိုင်ပါတယ်။ တချို့မှာ ရောဂါပိုးကြောင့် ပြင်းပြင်းထန်ထန် ရောဂါမခံစားရဘဲ သာမန် ကျန်းမာသန်စွမ်းသူများကဲ့သို့ နေထိုင်ရခြင်းမျိုးရှိသော်လဲ အချို့မှာတော့ အသည်းပျက်စီးခြင်း၊ ဒါမှမဟုတ် အသည်းကင်ဆာဖြစ်ပွားခြင်း ဖြစ်နိုင်ပါတယ်။

မည်သူမဆို အသည်းရောင်အသားဝါ ဘီရောဂါ ကူးစက်ခံရနိုင်ပါတယ်။ သို့သော် တစ်နှစ်အောက်ကလေးများနဲ့ ကလေးငယ်များတွင် ဒီရောဂါဟာ ဖြစ်ပွားနိုင်မှုအန္တရာယ် ပိုမိုများပြားတာကို တွေ့ရပါတယ်။ ကလေးငယ်များတွင် ရောဂါကူးစက်ခံရပါက နာတာရှည် ရောဂါသယ်ဆောင်သူများအဖြစ် ကျရောက်နိုင်တဲ့အန္တရာယ် အလွန်များပြားလှပါတယ်။ ဥပမာဆိုရင် ကလေးငယ်သည် မွေးပြီး ခြောက်လအရွယ်တွင် ရောဂါပိုးကူးစက်ခံရပါက ရောဂါပိုးသယ်ဆောင်သူအဖြစ် ကျရောက်နိုင်ခြင်းအန္တရာယ်ဟာ ၈၀ ရာခိုင်နှုန်းမှ ၉၀ရာခိုင်နှုန်းအထိ ရှိနိုင်ပြီး အရွယ်ရောက်ပြီးသူများမှာမူ ရောဂါပိုးသယ်ဆောင်သူအဖြစ် ကျရောက်နိုင်ခြင်းအန္တရာယ်မှာ ၁၀ ရာခိုင်နှုန်းသာ ရှိပါတယ်။

အသက်အရွယ်အလိုက် နာတာရှည်ရောဂါပိုး သယ်ဆောင်သူ ဖြစ်နိုင်သောအန္တရာယ်

ကူးစက်နိုင်သောအသက်	ရောဂါပိုးသယ်ဆောင်သူ ဖြစ်နိုင်သောအန္တရာယ် (%)
မွေးပြီးပြီးချင်း	၉၀%
၁ လမှ ၆ လ	၈၀%
၇ လမှ ၁၂ လ	၆၀%
၁ နှစ်မှ ၄ နှစ်	၃၅%
လူကြီး	၁၀%

နာတာရှည်ရောဂါပိုး သယ်ဆောင်သူဖြစ်နိုင်သော အန္တရာယ်ဟာ အသက်အရွယ်အလိုက် အန္တရာယ် အနည်းအများ ရှိတဲ့အတွက်ကြောင့် အသက်ငယ်လေလေ ရောဂါပိုးသယ်ဆောင်သူ ဖြစ်နိုင်သောအန္တရာယ် ပို၍များလေလေ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးကို မွေးပြီးပြီးချင်း အစောဆုံး ထိုးပေးနိုင်လျှင် ကာကွယ်မှုအကောင်းဆုံး ရရှိမှာဖြစ်ပါတယ်။

အသည်းရောင်အသားဝါ ဘီရောဂါဟာ အိပ်(ချ်)အိုင်ဗွီပိုးကြောင့်ဖြစ်သော အေအိုင်ဒီအက်(စ်)ရောဂါထက် ကူးစက်ပြန့်ပွားနိုင်မှု အဆ ၄၀ မှ၁၀၀ အထိ ပိုမိုများပြားပါတယ်။ ဒီလိုကူးစက်နိုင်မှု များပြားတဲ့အခြေအနေကြောင့် အလွန်ကြောက်စရာကောင်းတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ အသည်းရောင်အသားဝါဘီပိုးဟာ ရောဂါပိုးရှိသောလူရဲ့ သွေးနှင့်ခန္ဓာကိုယ်အရည်များ၊ သုက်ပိုး၊ မိန်းမကိုယ်မှထွက်သော အရည်နှင့် တံတွေးထဲတွင် တွေ့ရှိနိုင်ပေမယ့် ချွေး၊ မျက်ရည်၊ ဆီး၊ အသက်ရှူလမ်းကြောင်းမှ စွန့်ထုတ်လိုက်တဲ့ အညစ်အကြေးတွေမှာ မတွေ့ရပါဘူး။ ရောဂါခံစားနေရသော မိခင်မှ ကလေးမွေးဖွားစဉ်မှာ မိမိရဲ့ကလေးကို ကူးစက်နိုင်ပါတယ်။ ဒါ့အပြင်

အသည်းရောင်အသားဝါ ဘီရောဂါဟာ အောက်ပါနည်းများအတိုင်း ကူးစက်နိုင်တာ တွေ့ရပါတယ်–

(က) အကာအကွယ်မရှိဘဲ လိင်ဆက်ဆံခြင်း၊
(ခ) မသန့်ရှင်းသော၊ စိတ်မချရသော ဆေးထိုးအပ်နှင့် ဆေးထိုးခြင်း၊
(ဂ) ရောဂါပိုးရှိသောသူ၏ သွေးနှင့် ထိခိုက်ဒဏ်ရာရရှိပြီး စုတ်ပြဲနေသော အခြားသူ၏ အရေပြားတို့ ထိတွေ့မိခြင်း၊
(ဃ) ရောဂါပိုးရှိသောသူနှင့် အချင်းချင်းကိုက်မိရာမှ ကူးစက်ခြင်း၊
(င) ရောဂါပိုးရှိသောသူနှင့် မုတ်ဆိတ်ရိတ်ဓား၊ သွားတိုက်တံတို့ အတူတူသုံးခြင်း၊
(စ) ကလေးငယ်များအား ရောဂါရှိသောသူက အစာဝါးကျွေးခြင်း၊ ရောဂါရှိသောသူနှင့် ပီကေ တစ်လုည့်စီ ဝါးခြင်း၊
(ဆ) မသန့်ရှင်းသောအပ်ဖြင့် နား၊ သို့မဟုတ် ခန္ဓာကိုယ်တွင် အပေါက်ဖောက်ခြင်း၊ ဓာတ်အပ်စိုက် ကုသခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊
(ဇ) ဆေးထိုးအပ်တစ်ချောင်းကို လူတစ်ဦးထက်ပို၍ အသုံးပြုခြင်း၊
(ဈ) ဆေးထိုးအပ်နှင့်ပြွန်ကို ပေါင်းတင်၊ ပိုးသန့်စင်ခြင်း မပြုလုပ်ဘဲ လူတစ်ဦးထက်ပို၍ အသုံးပြုခြင်းတို့ကြောင့်လဲ ကူးစက်နိုင်ပါသေးတယ်။

အသည်းရောင်အသားဝါ ဘီရောဂါဖြစ်ပွားနေသူတစ်ဦးမှာ ဖြစ်ပွားပြသနိုင်သော ရောဂါလက္ခဏာတွေကတော့–

(က) အစားပျက်ခြင်း၊
(ခ) မျက်စိနှင့် အသားဝါခြင်း၊
(ဂ) ခေါင်းမူးခြင်း၊
(ဃ) အန်ခြင်း၊ ဖျားခြင်း၊ အားနည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
(င) အဆစ်နာခြင်း၊ သို့မဟုတ် ဆီးမည်းမည်းသွားခြင်းတို့ ဖြစ်ပါတယ်။

ဒေါက်တာသန်းထိန်ဝင်း

ကမ္ဘာပေါ်တွင် အသည်းကင်ဆာဖြစ်ပွားသော လူနာများအနက် အသည်းရောင်အသားဝါ ဘီရောဂါပိုးကြောင့် ဖြစ်ပွားသော အသည်းကင်ဆာမှာ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ ရှိပါတယ်။ အာဖရိကတိုက်နှင့် အာရှတိုက်တွင် ကင်ဆာကြောင့် သေဆုံးရသော အမျိုးသားများမှာ အဓိကအားဖြင့် အသည်းကင်ဆာကြောင့် သေဆုံးရတာ ဖြစ်ပါတယ်။ အမျိုးသမီးတွေမှာလဲ အသည်းကင်ဆာသည် ကင်ဆာကြောင့် သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နေပါတယ်။

အသည်းရောင်အသားဝါ ဘီရောဂါဟာ ယခုတိုင် ကုသ၍ မရသေးပါ။ ယခု အသည်းရောင်အသားဝါ ဘီရောဂါတွင် သုံးစွဲနေသော ဆေးဝါးများမှာ ရောဂါပိုး ဆက်လက်မျိုးမပွားအောင် တားဆီးပေးခြင်းနှင့် ပိုးတိုက်ဖျက်ရာတွင် ကိုယ်ခန္ဓာကို ကူညီပေးသော ဆေးဝါးများသာ ဖြစ်ပါတယ်။ ရောဂါကာကွယ်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံပေးခြင်းသာ ဖြစ်ပါတယ်။ ကာကွယ်ဆေးကို မှန်ကန်စွာထိုးနှံပေးပါက ၉၅ ရာခိုင်နှုန်းထိရောက်မှုရှိပါတယ်။ ဒါကြောင့် တစ်နှစ်အောက်ကလေးငယ်များနှင့် လူကြီးများတွင် စိတ်ချစွာ ထိုးနှံပေးနိုင်တဲ့အပြင် ကိုယ်ဝန်ဆောင်မိခင်များကိုပင် ယုံကြည်စိတ်ချစွာ ထိုးနှံပေးနိုင်ပါတယ်။ ဆေးအာနိသင်မှာ အလွန်ထိရောက်တဲ့အပြင် ဆိုးကျိုးအာနိသင်လဲ လွန်စွာနည်းပါးတာကို တွေ့ရှိရပါတယ်။ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးဟာ လူသားများအတွက် ပထမဆုံးသော ကင်ဆာရောဂါ ကာကွယ်ဆေးဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်ကတည်းက စတင်တီထွင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ယင်းကာကွယ်ဆေးကို သွေးရည်ကြည် (Plasma Derived)နှင့် နို့တိုက်သတ္တဝါကလပ်စည်းများက ရရှိတဲ့ ပရိတင်းဓာတ် (Recombinant DNA)မှ ထုတ်လုပ်ပါတယ်။ အဲဒီလို ထုတ်လုပ်လိုက်တဲ့ ကာကွယ်ဆေးနှစ်မျိုးလုံးဟာ ယုံကြည်စိတ်ချရပြီး အာနိသင်ဟာ အလွန်ထိရောက်မှု ရှိပါတယ်။ အခုအချိန်အထိ ကမ္ဘာပေါ်မှာ ကာကွယ်ဆေး Doses ပေါင်း သန်းတစ်ထောင်ကျော် ထိုးနှံပေးပြီး ဖြစ်ပါတယ်။

တစ်နှစ်အောက် ကလေးငယ်တိုင်းဟာ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးကို ထိုးနှံပေးထားသင့်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထောက်ခံ ညွှန်ကြားထားပါတယ်။ အသည်းရောင်အသားဝါ ဘီရောဂါ အဖြစ်များတဲ့ တိုင်းပြည်တွေမှာနေထိုင်သော လူကြီးတွေနဲ့ ဆယ်ကျော်သက် လူငယ်များအတွက် ဒီကာကွယ်ဆေးထိုးပေးခြင်းဟာ အကျိုးကျေးဇူးနည်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းတိုင်းပြည်က လူတွေအများစုဟာ ရောဂါပိုးနဲ့ ထိတွေ့မှုရှိပြီးသား ဖြစ်နေလို့ သဘာဝကပေးတဲ့ ခုခံစွမ်းရည် ရရှိနေပြီးသား ဖြစ်နေပါတယ်။ ယင်းအထဲက အချို့ဟာ နာတာရှည်ရောဂါသယ်ဆောင်သူများ ဖြစ်နေကြတဲ့အတွက် ကာကွယ်ဆေးထပ်မံထိုးပေးဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် အသည်းရောင်အသားဝါ ဘီရောဂါ ဖြစ်ပွားမှုနည်းပါးသော တိုင်းပြည်များတွင် မွေးဖွားတဲ့ လူကြီးများနှင့် ဆယ်ကျော်သက်အရွယ် လူငယ်များမှာ ဒီကာကွယ်ဆေးကို ထိုးနှံပေးခြင်းကတော့ အကျိုးကျေးဇူးများလှပါတယ်။ ပုံမှန်အားဖြင့် အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေးကို သုံးကြိမ်၊ သို့မဟုတ် လေးကြိမ်ခွဲ၍ ထိုးနှံနိုင်ပါတယ်။ အကယ်၍ တစ်ကြိမ်ပျက်ကွက်ခဲ့ပါက ပျက်ကွက်တဲ့အကြိမ်အတွက် အမြန်ဆုံး ပြန်လည်ထိုးနှံပေးရမှာ ဖြစ်ပါတယ်။ ပထမအကြိမ်က ပြန်စထိုးဖို့တော့ မလိုအပ်ပါဘူး။ ရောဂါရှိသော မိခင်များမှ ကလေးကို ကူးစက်ခြင်းမှကာကွယ်ရန် ကာကွယ်ဆေး ပထမအကြိမ်ကို ကလေး မွေးပြီးပြီးချင်း ၂၄ နာရီအတွင်း အမြန်ဆုံးထိုးနှံပေးရန် လိုအပ်ပါတယ်။ ကလေးများအတွက် ပုံမှန်အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်၏ DPT (ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး)၊ OPV (ပိုလီယိုကာကွယ်ဆေး)၊ BCG (အဆုတ်ရောဂါကာကွယ်ဆေး)တို့နှင့်အတူတူ ထိုးနှံပေးနိုင်ပါတယ်။

အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးဟာ အလွန်အန္တရာယ်ကင်းစွာ ထိုးနှံနိုင်ပါတယ်။ အများအားဖြင့် ဆေးထိုးသောနေရာတွင် နီမြန်းရောင်ရမ်းခြင်း၊ အနည်းငယ် နာကျင်မှုတို့ကလွဲ၍ အခြား ဘေးထွက်ဆိုးကျိုးအာနိသင် အလွန်နည်းပါတယ်။ အဲဒီလိုဖြစ်ခဲ့ရင်လဲ ဆေးထိုးပြီး တစ်ရက်မှ သုံးရက်ခန့်အထိသာ ကြာတတ်ပြီး ပျောက်သွားလေ့ရှိပါတယ်။ ပထမအကြိမ် ကာကွယ်ဆေးထိုးစဉ်က ပြင်းထန်သော တုံ့ပြန်မှုရှိတဲ့ ကလေးငယ်များကလွဲ၍ ကျန်ကလေးများအားလုံးကို ကာကွယ်ဆေး ထိုးပေးနိုင်ပါတယ်။ ကိုယ်အပူရှိန် အလွန်မြင့်အောင်ဖျားနေသော ကလေးများကို ချက်ချင်းမထိုးဘဲ နောက်တစ်ကြိမ် လာရောက်ပြသတဲ့အခါမှ ထိုးပေးနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ အသည်းရောင်အသားဝါ ဘီရောဂါဖြစ်ပွားနှုန်းများတဲ့ တိုင်းပြည်ထဲမှာ ပါဝင်ပါတယ်။ လူ ၁၀၀ မှာ ၁၀ ဦးမှ ၁၂ ဦးဟာ အသည်းရောင်အသားဝါ ဘီရောဂါဖြစ်ဖူးသူများဖြစ်တဲ့အတွက် အသည်းရောင်အသားဝါ ဘီရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ၏ ပုံမှန် ကာကွယ်ဆေးထိုး၊ ဆေးတိုက်စီမံချက်တွင် ၂၀၀၃ ခုနှစ် ဇူလိုင်လ၌ စတင်ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ စစချင်း ပထမနှစ်မှာတော့ ရန်ကုန်တိုင်း၏ မြို့နယ် ၄၃ မြို့နယ်နှင့် မန္တလေးတိုင်း၏ မြို့နယ် ၃၁ မြို့နယ်များမှာပဲ စတင်ခဲ့ပြီး ရပ်ကွက်တွင်းနှင့် ပြည်သူလူထုအတွင်း နေအိမ်မှာမီးဖွားတဲ့ ကလေးငယ်များကိုတော့ သားဖွားဆရာမများမှ ကာကွယ်ဆေးထိုး စုရပ်များမှာ ကလေးရဲ့အသက် တစ်လခွဲမှာ ပထမအကြိမ်အဖြစ်လည်းကောင်း၊ နှစ်လခွဲမှာ ဒုတိယအကြိမ်နဲ့ သုံးလခွဲမှာ တတိယအကြိမ်အဖြစ် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးတို့နှင့်အတူ ထိုးနှံ တိုက်ကျွေးပေးသွားမှာဖြစ်ပါတယ်။

စီမံကိန်းရဲ့ ဒုတိယနှစ်ဖြစ်တဲ့ ၂၀၀၄ ခုနှစ် ဇူလိုင်လမှာစတင်ပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းမှာရှိတဲ့ မြို့နယ်ပေါင်း ၁၂၆ မြို့နယ်မှာရှိတဲ့ အသက်တစ်နှစ်အောက် ကလေးပေါင်း ၆ ဒသမ ၄ သိန်းကျော်ကို ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းရဲ့ တတိယနှစ်ဖြစ်တဲ့ ၂၀၀၅ ခုနှစ်မှာတော့ ကျန်တဲ့ပြည်နယ် ကိုးခုမှာရှိတဲ့ တစ်နှစ်အောက်ကလေးပေါင်း ၃ ဒသမ ၈ သိန်းအပါအဝင် တစ်နိုင်ငံလုံးကို လွှမ်းခြုံမိမှာ ဖြစ်ပါတယ်။ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးများကို ထိုးနှံပေးရာမှာ ယခင်က ဆေးထိုးအပ်များ ရေနွေးငွေ့နှင့်ပေါင်း၍ သန့်စင်အသုံးပြုတဲ့အစား Global Alliance of Vaccine Immunization အထောက်အပံ့ အစီအစဉ်ဖြင့် တစ်ခါသုံး Auto Disable ဆေးထိုးအပ်များကိုပါ ဖြန့်ဖြူးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစွမ်းထက်တဲ့ ကာကွယ်ဆေးများကို အန္တရာယ်အကင်းဆုံးဖြစ်တဲ့ တစ်ခါသုံးအပ်များနှင့် ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဆေးထိုးပေးရာမှာလဲ ငွေကြေးတောင်းခံမှုမရှိဘဲ GAVI အစီအစဉ်အရ လှူဒါန်းတဲ့ဆေးနဲ့ ဆေးထိုးအပ်များ သုံးစွဲထိုးနှံပေးမှာဖြစ်လို့ မိမိတို့ မွေးစနှင့် တစ်နှစ်အောက်ကလေးများကို ဆေးရုံနှင့် သားဖွားဆရာမများထံမှာ အခမဲ့ ထိုးနှံနိုင်ကြပြီ ဖြစ်ပါတယ်။

အသည်းရောင်အသားဝါ ဘီရောဂါဟာ ယခုတိုင် ကုသ၍မရသေးပါ။ ယခု အသည်းရောင်အသားဝါ ဘီရောဂါတွင် သုံးစွဲနေသောဆေးဝါးများမှာ ရောဂါပိုး ဆက်လက်မျိုးမပွားအောင် တားဆီးပေးခြင်းနှင့် ပိုးတိုက်ဖျက်ရာတွင် ကိုယ်ခန္ဓာကို ကူညီပေးသော ဆေးဝါးများသာ ဖြစ်ပါတယ်။ ရောဂါကာကွယ်ရာတွင် အကောင်းဆုံး နည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံပေးခြင်းသာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးခြင်းအားဖြင့် ကာကွယ်၍ရသော ရောဂါခြောက်မျိုးဖြစ်တဲ့ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်နှင့် တီဘီရောဂါတွေကို အသက် တစ်နှစ်အောက် ကလေးတွေမှာ ထိုးနှံတိုက်ကျွေးပေးလျက်ရှိပါတယ်။ ဒါ့ကြောင့်လဲ ဒီရောဂါတွေကြောင့် သေဆုံးရမှုနှင့် ရောဂါဖြစ်ပွားမှုတွေ သိသာထင်ရှားစွာ ကျဆင်းလာခဲ့ပါတယ်။ ပိုလီယိုအကြောသေရောဂါဆိုးကြီးကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က စတင်ပြီး မြန်မာနိုင်ငံမှ အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့လို့ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ဆက်လက် ရပ်တည်လျက်ရှိနေပါပြီ။

တစ်ခါ ဒုတိယရောဂါဖြစ်တဲ့ မွေးကင်းစ မေးခိုင်ရောဂါဆိုးကြီးကိုလဲ ပပျောက်လုနီးပါးဖြစ်စေဖို့ လာမည့် ၂၀၀၅ ခုနှစ်ကုန်မှာ တိုက်ထုတ်နိုင်တော့မှာ ဖြစ်ပါတယ်။ တတိယအဆင့်အဖြစ် ဝက်သက်ရောဂါကြောင့် သေဆုံးမှု လျော့နည်းကျဆင်းစေဖို့ ဆက်လက် တွန်းလှန်တိုက်ဖျက်လျက်ရှိပါတယ်။ **ဒီလိုရောဂါဆိုးကြီးတွေကို ကာကွယ်ဆေးတွေနဲ့ စနစ်တကျထိုးနှံ၊ တိုက်ကျွေးပေးခြင်းဖြင့် အောင်မြင်စွာ တိုက်ထုတ်ပေးနိုင်ဖို့ရာမှာ မိမိတို့ရဲ့ ရင်သွေးငယ်လေးတွေကို ကာကွယ်ဆေးတွေနဲ့ စနစ်တကျ သတ်မှတ်ချိန်မှာ တိတိကျကျ ထိုးနှံတိုက်ကျွေးပေးဖို့ မိဘတိုင်းမှာ တာဝန်ရှိပါတယ်။**

ယခုအခါမှာ ကမ္ဘာပေါ်တွင် ဖြစ်ပွားသေဆုံးမှုများပြားနေတဲ့ အသည်းရောင်အသားဝါ ဘီရောဂါဆိုးကြီးကို ကာကွယ်နိုင်မယ့် ကာကွယ်ဆေးကို မြန်မာနိုင်ငံရဲ့ ကာကွယ်ဆေးထိုး အစီအစဉ်မှာ ထည့်သွင်း ထိုးနှံပေးလျက်ရှိပါပြီ။ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော 'ကင်ဆင်ရောဂါကို ကာကွယ်ပေးတဲ့ဆေး'ဖြစ်တာမို့ မိမိတို့ရင်သွေးငယ်တွေကို အသက် တစ်လခွဲမှာ ပထမအကြိမ်၊ အသက် နှစ်လခွဲမှာ ဒုတိယအကြိမ်နဲ့ အသက် သုံးလခွဲမှာ တတိယအကြိမ်အဖြစ် ဒီအသည်းရောင်အသားဝါ ဘီကာကွယ်ဆေးကို ကျန်းမာရေးဌာနတွေနဲ့ ကာကွယ်ဆေးထိုး စုရပ်တွေမှာ မပျက်မကွက် အကြိမ်ပြည့် လာရောက်ထိုးနှံပေးကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။ ။

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲယှဉ်ပြိုင် ကစ်ချီကလပ်အသင်းက ညွှန့်ပေါင်းလက်ရွေးစင်အသင်းကိုအနိုင်ရရှိ

သတင်းဆောင်းပါး–ကိုထွေး၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွှန့်ပေါင်းလက်ရွေးစင်အသင်းနှင့် ဟောင်ကောင်ကစ်ချီကလပ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ဟောင်ကောင်ကစ်ချီကလပ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ–ဟောင်ကောင် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ညွှန့်ပေါင်းလက်ရွေးစင်နှင့် ကစ်ချီကလပ်အသင်းတို့ ပြိုင်ပွဲမစမီ နှစ်ဖက်ဘောလုံးအသင်းမှ အားကစားသမားများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မောင်ကိုနှင့် ကစ်ချီကလပ်အသင်းအုပ်ချုပ်သူ Mr.Sek Kam Wah တို့က တစ်ဦးချင်း လိုက်လံနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေစဉ်အတွင်း မိုးရွာသွန်းမှုမရှိဘဲ ရာသီဥတုကောင်းမွန်၍ နှစ်ဖက်အသင်းမှ ဘောလုံးသမားများ စိတ်ကြိုက် ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြသည်။ ဟောင်ကောင်ကစ်ချီကလပ်အသင်းသည် ကြေးစားဘောလုံးသမားများ ပါဝင်သော အဆင့်မြင့်ကလပ်အသင်းဖြစ်၍ ညွှန့်ပေါင်းလက်ရွေးစင်အသင်းက အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်သော်လည်း ဒုတိယပိုင်းတွင် နှစ်ဂိုးအသွင်းခံရပြီး ရှုံးခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းတွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ကစားကွက်ဖော်ကာ အချိတ်အဆက်မိမိဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ညွှန့်ပေါင်းလက်ရွေးစင်အသင်းရရှိသောအခွင့်အရေးများကို ပိုင်နိုင်စွာ အသုံးချနိုင်ခဲ့လျှင် ဦးဆောင်ဂိုးပင်ရနိုင်ပေသည်။

ညွှန့်ပေါင်းတိုက်စစ်ဖွင့်

ပွဲအစပိုင်းတွင် ကစ်ချီကလပ်အသင်းက ခပ်မှန်မှန်ခပ်လေးလေး ကစားနေရာ ညွှန့်ပေါင်းလက်ရွေးစင်အသင်း၏ လျင်မြန်သောတိုက်စစ်ဆင်မှုအောက်တွင် လိုက်ကစားခဲ့ရသည်။ ပွဲစပြီး ၄မိနစ်အကြာတွင် ညွှန့်ပေါင်းလက်ရွေးစင် အသင်းမှ ကျော်ဇင်ဝင်း အနီးကပ်ကန်သွင်းသောဘောလုံး ဂိုးတိုင်ထိပြီးပြန်ထွက်လာရာ ကစ်ချီဂိုးသမား ချက်ချင်းဆိုသလို ပြန်လည်ဖမ်းမိသွား၍ ညွှန့်ပေါင်းလက်ရွေးစင်အသင်း ဦးဆောင်ဂိုးလက်လွတ်ခဲ့ရသည်။ ညွှန့်ပေါင်းလက်ရွေးစင်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုများပြီး အနီးပေး ကစားကွက်ဖြင့် လျင်လျင်မြန်မြန် အပေးအယူလုပ်ကစားရာ ကစ်ချီအသင်းဘက်ကို အကြိမ်ကြိမ် ထိုးဖောက်နိုင်ခဲ့သည်။

ပွဲချိန် ၂၅မိနစ်တွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းမှ ကျော်ဇင်ဝင်း ဘောလုံးဆွဲယူလာပြီး ကစ်ချီကလပ်အသင်း ပယ်နယ်တီဧရိယာအတွင်းမှ အပိုင်ကန်သွင်းခွင့်ရသော်လည်း ဂိုးရှေ့ထိုးပေးလိုက်ရာ အချိန်မီပိတ်သူမရှိ၍ တစ်ဂိုးနစ်နာခဲ့ရပြန်သည်။ ကျော်ဇင်ဝင်းအနေဖြင့် တိုက်ရိုက်ကန်သွင်းလျှင် ဂိုးဝင်နိုင်သည့် အနေအထားတွင် ဆုံးဖြတ်ချက်မှားယွင်း၍ အခွင့်အရေး လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ပွဲချိန်မိနစ် ၃၀ အထိ ကစ်ချီကလပ်အသင်းက ညွှန့်ပေါင်းအသင်းဘက်ကို ထိထိရောက်ရောက် ထိုးဖောက်နိုင်မှုမရှိဘဲ ကွင်းလယ်၌သာ အဖျက်ကစားနေရသည်။ ကစ်ချီကလပ်အသင်းသည် ထောင့်ကန်ဘောတစ်ကြိမ်ရရှိသော်လည်း ဂိုးသမား ဇော်မိုးထက် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ဦးဆောင်ဂိုး

ကစ်ချီကလပ်အသင်း ပွဲချိန် ၄၃ မိနစ်တွင် ဒုတိယအကြိမ် ထောင့်ကန်ဘောရရှိရာ ဂိုးရှေ့အမြောက် တင်ပို့သော်လည်း နောက်တန်းမှ ဖျက်ထုတ်နိုင်ခဲ့သည်။ သို့သော် ညွှန့်ပေါင်းအသင်း ဖျက်ထုတ်သော ဘောလုံးကို အလယ်တန်းမှ ဂိုးရှေ့သို့ထပ်မံ၍ အမြောက် ကန်ပို့ပေးရာ ကစ်ချီကလပ်အသင်းမှ ဘရာဇီးလူမျိုး ကြေးစားဘောလုံးသမား ကျောနံပါတ်(၂၄)De Araujo Ailtongက ချိန်သားကိုက် ခေါင်းတိုက်သွင်းယူ၍ ဦးဆောင်ဂိုး ရရှိသွားသည်။

ကစ်ချီကလပ်အသင်းက ဦးဆောင်ဂိုးသွင်းယူပြီး မိနစ်ပိုင်းအကြာ ပွဲချိန် ၄၅ မိနစ်တွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ညွှန့်ပေါင်းလက်ရွေးစင်အသင်းအတွက် ချေပဂိုးကို ကျော်သူရ ကန်သွင်းသည့် ဘောလုံးကို ကစ်ချီဂိုးသမား ပုတ်ထုတ်၍ ပြန်ထွက်လာရာ နောက်တန်းလူနှစ်ဦး ဖျက်ထုတ်ရန်ကြိုးစားနေသည့်ကြားမှ ကျော်ဇင်ဝင်း ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းပြန်စချိန်တွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ဂိုးသမား ဇော်မိုးထက်အစား ရဝေဇင်ကို လူစားလဲကစားခဲ့သည်။ ဒုတိယပိုင်းတွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ကစားအားကျဆင်းလာစဉ် ကစ်ချီကလပ်အသင်းက လူစားခြောက်ဦးတိတိလဲ၍ ကစားအားမြှင့်တင်လာခဲ့သည်။ ညွှန့်ပေါင်းလက်ရွေးစင်အသင်းက ပေါ်ထွန်းကျော်အစား ဇော်မျိုးမင်း၊ မြတ်မင်းဦးအစား ကျော်သီဟ၊ ကျော်ကျော်စိုးအစား စည်သူဝင်းတို့ကို လူစားလဲခဲ့သော်လည်း ပထမပိုင်းကဲ့သို့ ကစားကွက်နှင့် ကစားအားမျိုး မရခဲ့ပေ။ ကစ်ချီကလပ်အသင်းက လူစားလဲကစားရာ ကစားအားပိုကောင်းလာပြီး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ကစ်ချီကလပ်အသင်းသည် ဂိုးသွင်းခွင့်များများ မရသော်လည်း ရရှိသမျှအခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချနိုင်ခဲ့၍ အနိုင်ရရှိသွားခြင်း ဖြစ်သည်။

နှစ်ဂိုးထပ်သွင်း

ဒုတိယပိုင်းတွင် ကစ်ချီကလပ်အသင်းက နှစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ဒုတိယဂိုးကို ပွဲချိန်မိနစ်၇၀တွင် ယူဂိုဆလားဗီးယားလူမျိုး ကြေးစားဘောလုံးသမား ကျောနံပါတ်(၂၂) Jovanovic Mihailoက ညွှန့်ပေါင်းလက်ရွေးစင်အသင်း ပယ်နယ်တီဧရိယာအတွင်းမှ အနီးကပ်ပိတ်သွင်းယူသည်။ တတိယဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ဒုတိယပိုင်း၌ လူစားဝင်လာသည့် ဂျပန်လူမျိုး ကြေးစားဘောလုံးသမား ကျောနံပါတ်(၁၀) Ito Danက ညွှန့်ပေါင်းလက်ရွေးစင်အသင်း ပယ်နယ်တီဧရိယာအတွင်းမှပင် အနီးကပ် ကန်သွင်းယူခဲ့သည်။ ပွဲချိန်၅၅မိနစ်တွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်းမှ ကျော်သူရကန်သွင်းသောဘောလုံး ဂိုးတိုင်ထိပြီး ထွက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

သူတို့ပါဝင်

အဖွဲ့ချုပ်ညွှန့်ပေါင်းလက်ရွေးစင်အသင်းတွင် **(ဂိုး)**ဇော်မိုးထက်(ရဝေဇင်)၊ **(နောက်တန်း)** ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ မောင်မောင်မြင့်၊ အောင်ကျော်မြင့်၊ **(အလယ်တန်း)** ပေါ်ထွန်းကျော်(ဇော်မျိုးမင်း)၊ ထွန်းထွန်းဝင်း၊ ကျော်ကျော်စိုး(စည်သူဝင်း)၊ ကျော်ဇင်ဝင်း၊ **(ရှေ့တန်း)** မြတ်မင်းဦး(ကျော်သီဟ)နှင့် ကျော်သူရတို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးပြောကြား

ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် နှစ်ဖက်အသင်းမှ အုပ်ချုပ်သူနှင့် နည်းပြများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးဦးစွာ ကစ်ချီကလပ်အသင်းမှ အုပ်ချုပ်သူ Mr. Sek Kam Wah အား ပွဲအပေါ် သဘောထားအမြင်ကို မေးမြန်းရာ "ယနေ့ပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ ပထမပိုင်းတွင် မြန်မာအသင်းက မိမိတို့မျှော်လင့်ထားသည်ထက် ပိုမို၍ လျင်လျင်မြန်မြန်ကစားနိုင်ခဲ့ကြောင်း၊ မြန်မာအသင်းက အဆက်မပြတ်ဖိကစားနေ၍ အခက်အခဲဖြစ်ခဲ့ရကြောင်း၊ ပထမပိုင်းတွင် မြန်မာအသင်းကစားပုံကောင်းမွန်ပြီး မိမိတို့ အတော်ပင် လိုက်ကစားနေခဲ့ရကြောင်း၊ ဒုတိယပိုင်း၌ မိမိတို့ ပြန်လည်၍ကစားအားမြှင့်တင်နိုင်ခဲ့ပြီး ဂိုးများထပ်ရခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာအသင်းကစားပုံကောင်းမွန်ပါကြောင်း၊ မိမိတို့အသင်းအနေဖြင့် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုမှအစသာရှိသေး၍ အကောင်းဆုံးခြေစွမ်းမရသေးပါကြောင်း၊ နောက်လာမည့်ပွဲစဉ်များ၌ ယခုထက်ပို၍ ကောင်းလာမည်ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ညွှန့်ပေါင်းလက်ရွေးစင်အသင်းနည်းပြဦးခင်မောင်တင့်အား ပွဲအပေါ် သဘောထားအမြင်ကို မေးမြန်းရာတွင် "ပထမပိုင်း၌ မိမိတို့မှာကြားထားသည့်အတိုင်း ကလေးများ ကစားနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းကစားပုံကောင်းမွန်၍ ကစ်ချီကလပ်အသင်း ပျာသွားပြီး ဘောလုံးထိန်း၍မရခဲ့ကြောင်း၊ ဒုတိယပိုင်း၌ မိမိတို့အသင်း ကစားအားကျလာကြောင်း၊ အလယ်တန်းမှ မဖြည့်ပေးနိုင်သည့်အတွက် ကစားကွက်ပျက်ခဲ့ရကြောင်း၊ ကစ်ချီကလပ်အသင်းက လူစားများများလဲကစားသွား၍ ကစားအား၌ မယှဉ်နိုင်ဘဲဖြစ်ခဲ့ရကြောင်း၊ မိမိတို့အသင်းက လူစားလဲကစားသော်လည်း ပထမတာထွက်၍ကစားသမားနှင့် အရန်ကစားသမားများ ကွာခြားမှုများရှိကြောင်း၊ ကစ်ချီကလပ်အသင်းက လူကောင်ထွားကျိုင်းပြီး ကြံ့ခိုင်မှုကောင်း၍ မိမိတို့ကလေးများ ခွန်အားကို နှစ်ဆသုံးပြီး ကစားခဲ့ရကြောင်း၊ ရလဒ်အနေဖြင့် သရေလောက်ကျသင့်ကြောင်း၊ ပထမပိုင်း၌ ရသင့်သည့် အခွင့်အရေးများ ဂိုးရခဲ့လျှင် သရေလောက်ရနိုင်ကြောင်း၊ ကစ်ချီကလပ်အသင်းက အရပ်အမောင်းမြင့်မား၍ အမြင့်ဘောများ၌ အားသာချက်ရှိကြောင်း၊ ဒုတိယပိုင်း၌ နောက်တန်းကို အလယ်တန်းက မဖြည့်ပေးနိုင်၍ အားနည်းခဲ့ရပါကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒုတိယပွဲစဉ်

ဩဂုတ် ၃၀ ရက် ညနေ ၄နာရီတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ဟောင်ကောင် ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းက တပ်မမှူး တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် ဆုရဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မမှူးဒိုင်းဘောလုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲ တံခွန်စိုက်ဆုရအသင်းအားတပ်မမှူးတက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ၂၀၀၄ ခုနှစ် တပ်မမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အင်းတိုင်တပ်နယ်ရှိ တပ်မဌာနချုပ် အားကစားပြိုင်ကွင်း၌ကျင်းပရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးကြီးလှဌေးဝင်းနှင့်ဇနီး၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တပ်မဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ/စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တပ်မမှူးဗိုလ်မှူးကြီးလှဌေးဝင်းနှင့်တက်ရောက်လာကြသူများက ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ ပထမ၊ ဒုတိယနှင့်တတိယဆုရ အသင်းများအား တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး ပထမတံခွန်စိုက်ဒိုင်းဆုရအသင်းအား တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၄ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၃ရက်မှ ၁၁ရက်နေ့အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံတွင် နေ့စဉ်နံနက် ၉နာရီမှစတင်၍လည်းကောင်း၊ (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်၁၇နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ရက်မှ ၃၀ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်းတွင် စက်တင်ဘာ ၁၆ရက် ညနေ ၃နာရီခွဲတွင် ကျင်းပမည်ဟု သိရသည်။

(မြန်မာ့အလင်း)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသားကျောင်းသူများအားဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က အဆိုပါကျောင်းတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ငါးဘာသာဂုဏ်ထူးရှင်ကျောင်းသား မောင်မြင့်သိန်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

မင်းတုန်းချောင်းတံတားတည်ဆောက်ရေး မြေစမ်းသပ်ပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ဆေး တံတားဆောလျင်စွာ ဆောက်လုပ်နိုင်ရေး၊ မြေစနစ်တကျစမ်းသပ်တိုင်းထွာရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၂၈

မကွေးတိုင်း သရက်ခရိုင် ကံမမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ် ၂၄ ရက် ညနေ၅နာရီက ကံမ-ရေနံ့သာ ကားလမ်းအတိုင်း လမ်းတံတားများ အဆင့်မြှင့်တင်နေမှု အခြေအနေနှင့် မိုးစပါးနှင့်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးထွက်ခွာလာရာ ရေနံ့သာကျေးရွာ မင်းတုန်းချောင်းဆိပ်ကမ်းသို့ ညနေ ၅နာရီခွဲတွင် ရောက်ရှိကြသည်။

မှာကြား

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က မင်းတုန်းချောင်းတံတား တည်ဆောက်ရေးအတွက် မြေသားစမ်းသပ်ပြီးစီးမှုအခြေအနေ၊ တံတားနေရာရွေးချယ်ထားမှု၊ တံတားဆောက်လုပ်မည့်ပုံစံ စသည်တို့နှင့်စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားဆောလျင်စွာ ဆောက်လုပ်နိုင်ရေး၊ မြေစနစ်တကျ စမ်းသပ်တိုင်းထွာရေး၊နေရာရွေးချယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

အကျိုးကျေးဇူးခံစားရမည်

အဆိုပါမင်းတုန်းချောင်းသည် မိုးတွင်းအခါတွင် လူ၊ မော်တော်ယာဉ်များ ဖြတ်သန်းနိုင်မှုမရှိ၍ ကံမမြို့နှင့်သရက်မြို့ကို ပုသိမ်-မုံရွာလမ်းကြောင်းမှ၊ ၎င်းမှ မင်းတုန်းမြို့မှတစ်ဆင့် သွားလာရသဖြင့် ၇၈မိုင်ခန့်သွားလာရကြောင်း၊ မင်းတုန်းချောင်းတံတား ဆောက်လုပ်ပြီးစီးပါက ရာသီမရွေးသွားလာနိုင်ပြီး ၂၈မိုင်၁ဖာလုံသာ ကွာဝေးမည်ဖြစ်ပြီး အချိန်တိုတောင်းစွာ သွားနိုင်မည်ဖြစ်ကြောင်း၊ ၎င်းလမ်းကြောင်းပေါ်ရှိ ကျေးရွာပေါင်း၂၄ရွာမှ ပြည်သူ ၁၇၈၀၀ကျော် အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း၊ တံတားဆောက်ရန် စီမံနေသကဲ့သို့ လမ်းကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်ပြုပြင်၍ အဆင့်မြှင့်တင် ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်၂၅ရက် နံနက် ၈နာရီခွဲတွင် သရက်မြို့မှ မော်တော်ယာဉ်များဖြင့် လမ်း/တံတား အဆင့်မြှင့်တင်နေမှုအခြေအနေ၊ မိုးစပါးနှင့် သီးနှံများစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် သရက်-မင်းတုန်းလမ်းအတိုင်း ကြည့်ရှုစစ်ဆေးထွက်ခွာလာရာ သရက်-မင်းတုန်းလမ်း မိုင်တိုင်အမှတ်(၇/၀)တွင် သရက်-မင်းတုန်းနှင့် သရက်-မင်းလှ ကားလမ်းဆုံသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သရက်-မင်းတုန်းနှင့် သရက်-မင်းလှ လမ်းဆုံ၌ လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းအဆင့်မြှင့်တင်ရေး၊ လမ်းတိုးချဲ့ဖောက်လုပ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သရက်-မင်းတုန်းလမ်းမှ မင်းလှသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မိုင်၆၀အရှည်ရှိ သရက်-မင်းလှလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၉/၂)၌ စက်ယန္တရားဖြင့် လမ်းအကျယ်ပေ ၄၀ တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲအပေါ်ပုံ)** လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၃၃/၄)နှင့် (၃၃/၅) အကြားရှိ သင်ချောင်းတံတားသို့ရောက်ရှိပြီး တံတားကို ကြည့်ရှုစစ်ဆေးကာ တံတားတာရှည်ခိုင်ခံ့အောင် ကြံ့ခိုင်မှုများ ပြုလုပ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

တစ်နှစ်ပတ်လုံးအသုံးပြုနိုင်

အဆိုပါသင်ချောင်းတံတားမှာ ဘေလီတံတား အမျိုးအစားဖြစ်သည်။ အရှည်ပေ၁၇၀ရှိပြီး တံတားခံနိုင်မှုဝန်မှာ ၁၃ တန် ဖြစ်သည်။ ယခင်က ၎င်းတံတားမရှိ၍ မိုးရာသီတွင် ယာဉ်များသွားလာနိုင်မှု မရှိသဖြင့် လွန်ခဲ့သည့်နှစ်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ပေးခဲ့ပြီး ယခုအခါ ၎င်းလမ်းမကြီးတစ်လျှောက် သရက်နှင့် မင်းလှမြို့နယ်ရှိ ကျေးရွာ ၃၉ ရွာမှ ပြည်သူ၃၄၀၀၀ ကျော်၏ ခရီးသွားလာရေးနှင့် ထွက်ကုန်သီးနှံများ ပို့ဆောင်ရေးတွင် မော်တော်ယာဉ်များဖြင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီဖြစ်သည်။

ယင်းတံတား မပြီးစီးမီက မိုးရာသီတွင် သရက်မှ မင်းဘူးသို့ သွားရောက်လိုပါက မင်းတုန်း-ပဒါန်းလမ်းမှ လှည့်သွားရပြီး ၁၁၂မိုင်၂ဖာလုံသွားရမည်ဖြစ်သည်။ ယခုလမ်းမှ တိုက်ရိုက်သွားပါက ၈၆မိုင်သာ သွားရမည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယင်းနေ့ နံနက် ၇နာရီခွဲတွင် သရက်မြို့နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး မဟာဗန္ဓုလခန်းမ၌ အရာရှိ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား တွေ့ဆုံ၍ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ပြီး မိမိ မိသားစုအတွက် လုံလောက်ပြီးပိုလျှံကာ မိမိတပ်အတွက်သာမက ဒေသသို့ပါ အထောက်အပံ့ပြုနိုင်အောင် စိုက်ပျိုးမွေးမြူသွားကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၄ ခုနှစ်ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ဩဂုတ်၂၇ရက် နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များနှင့် တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ယှဉ်ပြိုင်ကြရာ ပထမဆုကို အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စုအသင်း၊ ဒုတိယဆုကို ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အသင်းတို့က ရရှိကြသည်။

ဆုချီးမြှင့်

ဆုပေးပွဲကျင်းပရာ ဆုများကို တာဝန်ရှိအရာရှိကြီးများက အသီးသီး ပေးအပ်ကြပြီး၂၀၀၄ခုနှစ်ကာကွယ်ရေး ဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရရှိသော အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စုအသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၅/၁၀၊ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အုန်းကြည်၏ (၆၇)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက် လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၀ရက်က ကျင်းပရာ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မသင်းသင်းအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (၃၅၂)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက သတ္တမအကြိမ် ရပ်ကွက်အတွင်းရှိ အလက(၁)၊ အလက(၃)၊ အမက(၄၉)မှ ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ်၂၇ ရက်က အမက(၄၉)၌ ကျင်းပရာ ရပ်ကွက်အတွင်းမှ လှူဒါန်းငွေကျပ် ၆၀၃၀၀ နှင့် ဦးစောဇစ်တာလွင်မိသားစု လှူဒါန်းငွေကျပ် ၅၀၀၀၀ကို ရပ်ကွက်ဥက္ကဋ္ဌဦးစောချစ်ထွေးက မြောက်ပိုင်းခရိုင်ပညာရေးမှူး ဆရာကြီး ဦးရန်နောင်သို့ ပေးအပ်စဉ်။ (က-ပ)

အီရတ်တို့တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံး၍တတိယနေရာလက်လွတ် ရွှေတံဆိပ်မှန်းခဲ့သောအီတလီတို့ကြေးတံဆိပ်ဖြင့်ပွဲသိမ်း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၈

အေသင် အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် အီရတ်နှင့်အီတလီအသင်းတို့ ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာ့ဖ်တန်ဇော့လီရီ အားကစားကွင်း၌ ဩဂုတ် ၂၇ ရက်က ယှဉ်ပြိုင်ကစားရာ အီတလီက အီရတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယ ကြေးတံဆိပ်ကို ဆွတ်ခူးရရှိသွားပြီ ဖြစ်သည်။

ဩဂုတ်၂၇ရက် ကြာသပတေးနေ့ကယှဉ်ပြိုင်ကစားခဲ့သော အီရတ်နှင့် အီတလီအသင်းတို့၏ တတိယနေရာလုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဥရုဂွေးနိုင်ငံမှ ဂျော်ဂီလာရီရွန်ဒါက ဆောင်ရွက်သည်။

အီရတ်နှင့် အီတလီတို့ပွဲတွင် အီရတ်က ၄း၅း၁ ပုံစံဖြင့် ကစားပြီး အီတလီက ၄း၄း၂ ပုံစံဖြင့် ကစားခဲ့ရာ ပွဲမှာ အပြန်အလှန်ထိုးဖောက်ကစားနိုင်ကြရာ အကြိတ်အနယ်ရှိခဲ့သည်။

ထိရောက်မှုမရှိ

ပွဲစသည်နှင့် အီရတ်တို့က အနိုင်ရလိုမှုဖြင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ အီတလီနောက်တန်းနှင့် ကွင်းလယ်ကစားသမားများက ဟန့်တားနိုင်ခဲ့ကြသည်။ အီရတ်တို့က အပေးအယူ အချိတ်အဆက် မှန်မှန်ဖြင့် ညာတောင်ပံမှ ဦးစားပေးတိုက်စစ်ဆင်ထိုးဖောက်ကစားသော်လည်း ထိရောက်မှု မရှိခဲ့ပေ။

အီတလီတို့က အီရတ်တို့၏ တိုက်စစ်အရှိန်ကို ဟန့်တားရင်း ကွင်းလယ်မှ ကစားကွက်တည်ကာ အလယ်တန်းမှ ပင်ဇီ၊ ပါလုန်ဘို၊ ပီယာလိုတို့က ဘောလုံးဖြန့်ဝေပေးနိုင်မှုကြောင့် ပွဲချိန် ရှစ်မိနစ်တွင် အီတလီအသင်းခေါင်းဆောင် အင်ဒရီရာပီရာလို ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို အီတလီ တိုက်စစ်မှူး အယ်ဘာတိုဂီလာဒီနိုက အီရတ်နောက်ခံလူ နှစ်ဦးကို ကျော်ကာ သွင်းယူခဲ့မှုကြောင့် အီတလီတို့ ဂိုးစတင် ရရှိသွားခဲ့သည်။

အဖွင့်ဂိုးစောစီးစွာ ပေးလိုက်ရသဖြင့် အီရတ်တို့ ချေပဂိုးပြန်ရရေး အပြင်းအထန် ကြိုးစားသော်လည်း အီတလီ အလယ်တန်းကစားသမားများက တိုက်စစ်ရော ခံစစ်ပါ လိုက်ပါအားဖြည့်နိုင်မှုကြောင့် အီရတ်တို့ထိုးဖောက်ကစားမှု အရာမရောက်ခဲ့ချေ။

အီရတ် ရှေ့တန်းတိုက်စစ်ကို နောက်တန်းနှင့် အလယ်တန်းတို့က လိုက်ပါအားဖြည့်ပေးနိုင်သော်လည်း ကွင်းလယ်၌ပင် ဖြတ်တောက်ကစားခြင်းခံရသဖြင့် အီရတ်တို့ အနီးပေး အဝေးပေးဘောများဖြင့် ကစားခဲ့ရသည်။ အထူးသဖြင့် အီရတ်နောက်တန်းမှ ခံစစ်မှူးဆာ့ဒ်အတီယာသည် တိုက်စစ်ကို လိုက်ပါကစားပေးနိုင်ပြီး ညာတောင်ပံဘက်မှ အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။

ဟန့်တား

အီတလီနှင့် အီရတ်တို့တတိယ နေရာလုပွဲတွင် အီတလီ တိုက်စစ်မှူး အယ်ဘာတိုဂီလန်ဒီနို(ယာ)၏ ထိုးဖောက် ကစားမှုကိုအီရတ်နောက်ခံလူ ဂျာဘာ ဟိုင်ဒရာ ဖြတ်တောက်ဟန့်တားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီတို့က ကွင်းလယ်ကစားကွက်အားကိုယူကာ တိုက်စစ်မှူးဒယ်နီရိုနှင့် ဂီလာဒီနိုတို့က တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက် ကစားနိုင်ကြသည်။ ပွဲချိန် ၃၅ မိနစ်တွင် အီတလီတိုက်စစ်မှူး ဒယ်နီရို အခွင့်ရေးကောင်းသော်လည်း ဂိုးမရရှိခဲ့ချေ။ အီတလီ အလယ်တန်းမှ ပီယာလိုက အီရတ်ခံစစ်မှူးနှစ်ဦးကြားထိုးပေးလိုက်သည့် ဘောလုံးကို ဒယ်နီရို နောက်ကျသဖြင့် တစ်ဂိုးနစ်နာခဲ့ရသည်။

ပထမပိုင်းပွဲချိန်ပြီးသည့်အထိ အီရတ်တို့ ချေပဂိုး ပြန်မသွင်းနိုင်ရှိရာ အီတလီတို့က တစ်ဂိုး- ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် အီရတ်တို့ ချေပဂိုး ရရှိရေးအတွက် တိုက်စစ်မှူးများဖြစ်သည့် ရာဇာက်ဖာဟင်န်နှင့် မက်ဒီကာရင်တို့ အီတလီနောက်တန်းကို အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားရာ ပွဲချိန် ၄၉မိနစ်တွင် အီရတ်တိုက်စစ်မှူး ရာဇက်ဖာဟင်န်က အီတလီဂိုးဇရီယာအစပ်မှ အမှတ်မထင်ကန်သွင်းသော်လည်း ဂိုးလွန်ဘောဖြစ်သွားသည်။ ပွဲချိန်၅၇မိနစ်တွင် အီရတ်မှ မက်ဒီကာရင်အစား အီမက်မိုဟာမက်ဝင်ရောက် ကစားခဲ့ရာ အီရတ်တို့ကစားကွက် တည်ငြိမ်လာပြီး ဘောလုံးအပေးအယူလည်း မှန်လာသည်။

ပွဲချိန် ၆၅မိနစ်တွင် အီရတ်နောက်ခံလူ ဆာ့ဒ်အတီယာ ဘောလုံးဆွဲယူလာပြီး ညာတောင်ပံမှဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်သည့်ဘောလုံးကို အီရတ်တိုက်စစ်မှူး အီမက်မိုဟာမက် ခေါင်းတိုက်သွင်းသော်လည်း ဘေးထွက်သွားသဖြင့် နစ်နာခဲ့ရသည်။

ပွဲချိန်၇၇မိနစ်တွင် အီရတ်ကွင်းလယ်ကစားသမား ဆာလစ်ဆာဒါအစား ယူနစ်မာမွတ် ဝင်ရောက်ကစားသလို ပွဲချိန်၇၈မိနစ်တွင် အီတလီမှ ကွင်းလယ်ကစားသမား ပင်ဇီအစား မက်စ်တို ဝင်ရောက် ကစားခဲ့သည်။

ပွဲချိန်၈၁မိနစ်တွင် အီတလီကွင်းလယ်မှ ပါလုန်ဘိုက အီရတ်နောက်ခံလူနှစ်ဦးကို ကျော်ချပေးလိုက်သည့် ဘောလုံးကို အီတလီတိုက်စစ်မှူး ဒယ်နီရို ပြေးဝင်ကန်သွင်းသော်လည်း ကန်ချက်မမှန်ဘဲ ဘေးထွက်သွားသဖြင့် အီတလီတို့ တစ်ဂိုးနစ်နာခဲ့ရသည်။

ပွဲချိန်၈၄မိနစ်တွင် အီရတ်မှမူလာမိုဟာမက်အစား အာမက်ဆာလပ် ဝင်ရောက်ကစားသလို ပွဲချိန်၈၅မိနစ်တွင် အီတလီနောက်ခံလူ မောရက်တီအစား ချယ်လီနီဝင်ရောက်ကစားခဲ့သည်။ အီတလီတို့က တစ်ဦးချင်းရော၊ အသင်းလိုက်ပါ နားလည်မှုရှိရှိ၊ အချိတ်အဆက်မှန်မှန်ဖြင့် ကစားနိုင်သော်လည်း အီရတ်တို့က ချေပဂိုးနှင့် အနိုင်ဂိုးရလိုမှုဇောကြီးကာ ဘောလုံးအပေးအယူများအပို၊ အလိုဖြစ်လျက်ရှိသဖြင့် အခွင့်အရေးအကြိမ်များများ ဆုံးရှုံးခဲ့ရသည်။

အီရတ်တို့ ချေပဂိုးရရှိရေးအပြင်းအထန်ကြိုးစားသော်လည်း အီရတ်တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုတို့ကြောင့် အီတလီတို့ကိုတစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးကာ တတိယဆု ကြေးတံဆိပ်ကို လက်လွတ်ခဲ့ရသည်။ အေသင်အိုလံပစ်မစတင်မီက ဗိုလ်စွဲမည်ဟု နာမည်ကြီးကာ ရွှေတံဆိပ်မှန်းခဲ့သော အီတလီအသင်း တတိယကြေးတံဆိပ်ဖြင့်သာ ပွဲသိမ်းခဲ့ပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

အကြီးတန်းစနူကာပြိုင်ပွဲ နေသွေးဦးနှင့်အောင်ဆန်းဦးဗိုလ်လုပွဲနွှဲမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Rave Myanmar Snooker အကြီးတန်းစနူကာပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၁၀နာရီက ၃၈လမ်းရှိ အာရှပလာဇာ ဟိုတယ်တွင် ကျင်းပရာ နေသွေးဦး(အဖွဲ့ချုပ်)က ကိုကိုနိုင်(အဖွဲ့ချုပ်)ကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ အောင်ဆန်းဦး(မန္တလေး)က ဇော်သန်းထိုက်(တောင်ကြီးချယ်ရီ)ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲ

ဩဂုတ် ၂၉ရက် နံနက် ၁၀နာရီတွင် တတိယလုပွဲအဖြစ် ဇော်သန်းထိုက်(တောင်ကြီးချယ်ရီ)နှင့် ကိုကိုနိုင်(အဖွဲ့ချုပ်)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် နေသွေးဦး(အဖွဲ့ချုပ်)နှင့် အောင်ဆန်းဦး(မန္တလေး)တိုင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ရှုနီအား ခေါ်ယူမှု အဲဗာတန်ပယ်ချ

လန်ဒန် ဩဂုတ် ၂၈

ပရီမီးယားလိဂ်အသင်းဖြစ်သော အဲဗာတန်သည် အင်္ဂလန် တိုက်စစ်မှူး ဝိန်းရှုနီအား မန်ချက်စတာယူနိုက်တက်နှင့် နယူးကာဆယ်အသင်းများ၏ ခေါ်ယူရန် ကမ်းလှမ်းချက်ကို ပယ်ချလိုက်ပြီဖြစ်ကြောင်း အဆိုပါကလပ်က ယင်း၏ ဝက်ဘ်ဆိုက်တွင် ကြာသပတေးနေ့ကပြောကြားသည်။

ဝိန်းရှုနီ ၁၈နှစ်အားခေါ်ယူရန် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ကမ်းလှမ်းခဲ့ကြောင်း မန်ချက်စတာယူနိုက်တက်က အတည်ပြုပြောကြားခဲ့သည်။

ထိုနေ့၌ပင် နယူးကာဆယ်အသင်းသည် ရှုနီအား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယအမျိုးသမီး အားကစားမယ်အင်ဂျူး အေသင်အိုလံပစ်အလျားခုန်ပြိုင်ပွဲဗိုလ်လုမည်

အေသင် ဩဂုတ် ၂၈

အင်ဂျူးဘော်ဘီဂျော့သည် အိုလံပစ်အားကစားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အိန္ဒိယအမျိုးသမီးအားကစားမယ်များတွင် ဒုတိယမြောက် ဖြစ်ခဲ့သည်။ သူမသည် ပထမအကျော့အဖြစ် ဗုဒ္ဓဟူးနေ့ ညနေပိုင်းက အိုလံပစ် အားကစားကွင်းကြီး၌ ပြုလုပ်သော အလျားခုန်ပြိုင် အကြိုစံချိန်ယူပွဲတွင် အောင်သွားပြီဖြစ်သည်။

လေးစင်တီမီတာပို

ကမ္ဘာ့နံပါတ်(၆)အဆင့်ရှိသော အင်ဂျူးသည် သတ်မှတ်ထားသည့် အမှတ်အသားထက် လေးစင်တီမီတာပိုကာ ၆ဒသမ ၆၉မီတာအကွာအဝေးသို့ ခုန်နိုင်ခြင်းဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဥရောပချန်ပီယံနှစ်သင်း၏စူပါဖလားဗိုလ်လုပွဲ ဗလင်စီယာကပေါ်တိုအသင်းကိုအနိုင်ရဗိုလ်စွဲ

မိုနာကို(ပြင်သစ်) ဩဂုတ် ၂၈

၂၀၀၃-၂၀၀၄ ဘောလုံးရာသီအတွက် ဥရောပ၏ အကြီးမားဆုံး ပြိုင်ပွဲနှစ်ရပ်တွင် အနိုင်ရရှိခဲ့ကြသော ချန်ပီယံအသင်း နှစ်သင်း၏ ရာသီအကြို ဗိုလ်လုပွဲကြီးကို ပြင်သစ်နိုင်ငံ မိုနာကိုကလပ်၏ လူးဝစ်တူးအားကစားကွင်းကြီး၌ ဩဂုတ် ၂၇ရက်က ကျင်းပသည်။

ယင်းဘောလုံးပွဲ၏ အမည်ကို ယူအီးအက်ဖ်အေ စူပါဖလားဟု အမည်ပေးထားပြီး ချန်ပီယံလိဂ်တွင် ဗိုလ်စွဲခဲ့သောအသင်းနှင့် ယူအီးအက်ဖ်အေဖလား ဗိုလ်စွဲသောအသင်းတို့ ယှဉ်ပြိုင်ကစားရသောပွဲဖြစ်သည်။

အဆိုပါ ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲကြီးကို ယမန်နှစ်က ချန်ပီယံလိဂ်တွင် ဗိုလ်စွဲခဲ့သော ပေါ်တိုအသင်းနှင့် ယူအီးအက်ဖ်အေဖလားကို ရရှိခဲ့သော ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စပိန်ချန်ပီယံ ဗလင်စီယာအသင်းအတွက် ရူဗင်ဘာရာဂျာနှင့် မာကိုဒီဗိုင်ယိုတို့သည် တစ်ဂိုးစီ ခေါင်းတိုက်သွင်းပေးခဲ့ခြင်းဖြင့် ဗလင်စီယာက ပေါ်တူဂီမှ ဥရောပချန်ပီယံ ပေါ်တိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူအီးအက်ဖ်အေ စူပါဖလားကြီးကို လက်ဝယ်ပိုင်ပိုင် ရယူသွားပြီ ဖြစ်သည်။

ဘာရာဂျာသည် ၃၃မိနစ်တွင် ကာရိုတာရက်စ် ဖြတ်ပို့သော ဘောလုံးကို ခေါင်းတိုက်သွင်းယူသွားခြင်းဖြစ်သည်။ ပေါ်တိုဂိုးသမား ဗစ်တာဘေယာ ညာလက်နှင့် ပုတ်ထုတ်သော်လည်း ဘောလုံးကို လွဲချော်ကာ ဂိုးဝင်သွားခြင်း ဖြစ်သည်။ ဗလင်စီယာအတွက် ဒုတိယမြောက်ဂိုးကို ၆၇ မိနစ်တွင် ဒီဗိုင်ယိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဂျူဗင်တပ်မှ ဗလင်စီယာသို့ စာချုပ်အသစ်ဖြင့် ခေါ်ယူထားသူ ဖြစ်သည်။

ပေါ်တိုအသင်းအတွက် ချေပဂိုးကို ဘာစီလိုနာမှ စာချုပ်ဖြင့် ခေါ်ယူခဲ့သည့် ကွာရက်စ်မာက ၇၈ မိနစ်တွင် သွင်းယူခဲ့သည်။

ဗလင်စီယာအသင်းသည် အဆိုပါ ယူအီးအက်ဖ်အေ စူပါဖလားကို ၁၉၈၀ ပြည့်နှစ်က နော့တင်ဟန်ဖောရက်စ်အား အနိုင်ရပြီး ဗိုလ်စွဲခဲ့သည့် နောက်ပိုင်း ယခုအနိုင်ရဗိုလ်စွဲမှုသည် ပထမဆုံးအကြိမ် ဖြစ်သည်။

ဗလင်စီယာအသင်းခေါင်းဆောင် ဒေးဗစ်အယ်ဘီလ်ဒါက သူ၏ကစားဖော်များနှင့်အတူ ယူအီးအက်ဖ်အေ စူပါဖလားကို ကိုင်မြှောက်ကာ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တိုအသင်းသည် ယမန်နှစ်က အဆိုပါ ဖလားကိုအေစီမီလန်အသင်းနှင့် ဗိုလ်လုခဲ့ရာ၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလားလူငယ်ဘောလုံးပြိုင်ပွဲ ရွှေပြည်သာနှင့်သုံးခွမြို့နယ်ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်း၌ မရမ်းကုန်းမြို့နယ်နဝဒေး အားကစားကွင်း၌ ကျင်းပသည်။

ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းနှင့် သုံးခွမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ သုံးခွမြို့နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော ဇင်မင်းသိုက်(သုံးခွ) အား ရန်ကုန်တိုင်းဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (အငြိမ်းစား)က ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

ဒုတိယအကြို ဗိုလ်လုပွဲစဉ်အဖြစ် ရွှေပြည်သာမြို့နယ်အသင်းနှင့် ကမာရွတ်မြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ရွှေပြည်သာမြို့နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော အာကာကျော်(ရွှေပြည်သာ)အား ရန်ကုန်တိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)က ငွေကျပ်ငါးထောင်ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲ

ဩဂုတ်၃၀ရက် ညနေ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် သုံးခွမြို့နယ်အသင်းနှင့် ရွှေပြည်သာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (မြန်မာ့အလင်း)

29-8 (13).p65 1 03-25-1905, 1:11 PM

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက စစ်ကိုင်းမြို့နယ် အနန္တသူရိယချောင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် ဩဂုတ် ၂၈

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေး တိုင်း ကျောက်ဆည်မြို့ စုကြီးရပ် ခမည်းတော် ဦးထင်၊ မယ်တော် ဒေါ်စံ တုတ်တို့မှ ၁၂၆၇ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်ကြာသပတေး နေ့တွင် ဖွားမြင်တော် မူ သော သားရတနာဖြစ်သည်။

ရှင်/ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၀နှစ်သားအရွယ် ၁၂၇၇ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျောက်ဆည်မြို့နယ် မြင်းကဘက်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၈၆ခုနှစ် တပို့တွဲလဆန်း ၇ရက် နံနက် ၉နာရီအချိန်တွင် စစ်ကိုင်းတောင်ရိုး ရွာလေးထပ် ခဏ္ဍသိမ် တွင် ရေငုံဆရာတော် ဘဒ္ဒန္တတေဇကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ၂၂ လမ်း ပန်းဆိုးတန်းရပ် အမိဒေါ်ကြီးနှင့် သားသမီးများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောက်ဆည်မြို့နယ် မြင်းကဘက် ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ တောင်လတ်ကျောင်း ဆရာတော် ဦးပဒုမ၊ စစ်ကိုင်းမြို့ ဇမ္ဗူပတိချောင်ဆရာတော် ဦးဝိမလ၊ လယ်တီဦးပဒုမ၊ ဦးသာဂရ၊ ဦးဥေယျမ္မ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဆရာတော် ဦးသုန္ဒရ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးဂန္ဓမာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးနန္ဒိယ၊ မန္တလေးမြို့ ခင်မကန်ကျောင်းတိုက် စကုသူဋ္ဌေးကျောင်းဆရာတော် ဦးရေဝတ၊ အမရပူရမြို့ တူးမောင်းကျောင်းတိုက်မှ စာချဆရာတော်တို့ထံတွင် ပိဋကတ် အခြေခံကျမ်းစာများနှင့်တကွ ပါဠိ၊ အဋ္ဌကထာဋီကာကျမ်းတို့ကို လေ့လာ သင်ယူတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ဇမ္ဗူပတိချောင်တွင် ၁၀နှစ်ကြာမျှ ရှင်/ရဟန်းတို့အား စာပေကျမ်းဂန်ပို့ချတော်မူခဲ့ပြီး အနန္တသူရိယချောင်တွင် ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ ရှင်/ရဟန်းတို့အား ပါဠိ၊ အဋ္ဌကထာ နေ့ဝါညဝါများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်၌ မူလဝိသောဓကေ၊ ပဋိဝိသောဓကေအဖြစ်လည်းကောင်း၊ ရေစက် အသင်းဟောင်းကြီး၊ သီတဂူဥဒကဒါန၊ သီတဂူအာယုဒါနအဖွဲ့ကြီးများ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတွင် ဖြေပါး ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါ စရိယအဖြစ်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူ ခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၃၅၃ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၆၁ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင် တော်မူရင်းမှ သက်တော် ၉၉နှစ်၊ သိက္ခာတော် ၇၉ဝါအရ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၂ရက် (၂၇-၈-၂၀၀၄)ရက် သောကြာနေ့ ညနေ ၅နာရီ ၅၆မိနစ်တွင် အနန္တသူရိယချောင်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းသာယာ ကမ္ဘာ့စေတီတော် ပင့်ဆောင်ပူဇော်

ရန်ကုန် ဩဂုတ် ၂၈

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအား ဂုဏ်ပြုပူဇော်သောအားဖြင့် အလူမီနီယံသတ္တုများဖြင့် အခိုင်အခံ့ တည်ဆောက်ထားပြီး ဉာဏ်တော်(၉)တောင် အမြင့်ရှိကာ အဖိုးတန် ရွှေထီးတော်၊ စိန်ဖူးတော် အထွတ်တင်လှူ ပူဇော်ထားသော ဋ္ဌာပနာပစ္စည်းများ ထည့်သွင်းပူဇော်ထားမည့် ငြိမ်းချမ်းသာယာ ကမ္ဘာ့စေတီတော်အား ရန်ကုန်မြို့ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ပရိယတ္တိ စာသင်ကျောင်းတိုက်ကြီးမှ အမြဲထာဝရ သီတင်းသုံးအပူဇော်ခံမည့် မိုးညိုမြို့နယ် ဆင်ခေါင်းကျေးရွာအထိ ပင့်ဆောင်ပူဇော်ပွဲကို ဩဂုတ် ၂၆ ရက်က ကျင်းပသည်။

မိုးညိုမြို့နယ် ဆင်ခေါင်းကျေးရွာ ရှိရှေးမြန်မာဘုရင်များ တည်ထားကိုးကွယ်ခဲ့သည့် ပျက်စီးနေသော ကျွန်းဦးဆုတောင်းပြည့်စေတီတော်အား ပုဂံအာနန္ဒာစေတီပုံသဏ္ဌာန် အသစ်တစ်ဖန်ပြန်လည်တည်ဆောက်လျက်ရှိရာ လှူဒါန်းလိုသူများသည် ရန်ကုန် ဆုထူးပန်ကျောင်း ဖုန်း-၀၁-၅၄၅၉၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအမှတ်(၈၂)ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ် (၈၂) ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၈ နာရီက လှည်းကူးမြို့နယ် နေမိန္ဒြ အေးရိပ်သာဓမ္မတရားကျောင်း (နေမိန္ဒြ ဓမ္မအေးရိပ်စခန်း)ဓမ္မပါလကျောင်းတော်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရနှင့် အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကောဝိဒတို့က ညွှန်ကြားလွှာ (၈၂)ပါအချက်အလက်များကိုရှင်းလင်း လျှောက်ထားကြပြီး ကျွန်းကလေး ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းတိုက် အသီးသီးမှ ပဓာနနာယက ဆရာတော်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်ကပ်

ညွှန်ကြားလွှာ(၈၂) ရှင်းလင်းပွဲအပြီးတွင် အလှူရှင် ဦးရွှေ၊ ဒေါ်သီရိ(မန္တလေး)မိသားစုက သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

အရှင်သဇ္ဇနနှ(နတ်မောက်)၏ ဓမ္မခရီးစဉ်

ရန်ကုန် ဩဂုတ် ၂၈

ဝိပဿနာတရားပြ ဓမ္မကထိက အရှင်သဇ္ဇန(နတ်မောက်)အရှင်သူမြတ်သည် ဝါတွင်းဥပုသ်နေ့တိုင်း လှိုင်မြို့နယ် အုတ်ကျင်းဘုတာရုံလမ်း (၁၃) ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ (ဝါခေါင်လပြည့်နေ့) ဩဂုတ်၃၀ရက်တွင် တောင်စွန်း ပန်းတနော်ကျောင်းတိုက်၌လည်းကောင်း၊ဝါခေါင်လကွယ်နေ့တွင် ကမ္ဘာအေး ရေကူးမြို့မ ရိပ်သာ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အထက(၃)ဗိုလ်တထောင် ရာပြည့်အထိမ်းအမှတ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

အထက(၃) ဗိုလ်တထောင် (ရေကျော်အထက) ကျောင်းသားကျောင်းသူဟောင်းများ၏ ရာပြည့်အထိမ်းအမှတ်ပွဲ ကျင်းပရေးကော်မတီနှင့် ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ကျန်းမာရေး ကူညီဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်ခင်ခင်စိန် ဖုန်း-၀၉- ၅၀-၀၇၃၇၁၊ ၅၂၆၂၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အာဟာရကျွေးမွေးရေးရက်သတ္တပတ်ကို ကြိုဆိုသောအားဖြင့် ဩဂုတ် ၂၈ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အာဟာရ ကြာဆံကြော်ကျွေးရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ သိရီပဝရဓမ္မာစရိယ)နှင့် ဆရာမများ၊ အလှူရှင်များက ကြီးကြပ်ကျွေးမွေးကြစဉ်။ (က-ပ)

နေသာချိန်ရှိမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စမ်းချောင်းမြို့နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီက (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်ပေးအပ်ပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကို ဩဂုတ် ၂၇ရက် မွန်းလွဲပိုင်းက နေနတ်သား စာသင်တိုက်ခန်းမကြီးတွင် ပြုလုပ်ရာ တစ်မြို့နယ်လုံးတွင် ယဉ်ကျေးမှုဘာသာ ပထမဆုရ အမက (၆)မှ မဆုဝေဖြိုးအား မြို့နယ်ပညာရေးမှူး ဦးဝင်းမော်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၉)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးရေချိန်

၂၈-၈-၂၀၀၄

ကမ္ဘာအေး

၀ ဒသမ ၂၃ လက်မ

မင်္ဂလာဒုံ

၀ ဒသမ ၄၃ လက်မ

ရန်ကုန်မြို့လယ်

၀ ဒသမ ၅၁ လက်မ

ဆုချီးမြှင့်

ဩဂုတ် ၂၈ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တာမွေမြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ပင်လုံခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စုက ဂုဏ်ထူးရှင် မောင်ဆန်းဦးလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဆန်းဝင်း (BTHG-၀၀၈၂၃၈)သည် မိဘ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ ဆန္ဒအလျောက် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **ဖခင် ဦးအောင်နိုင် ၁၂/ဗတထ(နိုင်)၀၂၅၃၃၁ ၁၇၂၊ ၄၅လမ်း၊ဗိုလ်တထောင်။**

ဆရာဌေး အင်္ဂလိပ်စာသင်တန်း



ဧရာဝတီအနောက်ဘက်ခြမ်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများ

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

တောင်ခိုးဝေ၍ မြူခြေက ဆိုင်းနေသည်။ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ကို ရခိုင်ရိုးမ တောင်တန်းကြီးက ကာဆီးထားသည်။ မြောက်ယွန်းယွန်းမှာတော့ ပုံတောင်ပုံညာ တောင်တန်းကြီးက နဂါးကြီးနှစ်ကောင်အလား ပါးပျဉ်းထောင် လျက်ရှိသည်။ အနောက်မြောက်ဆီတွင် ချင်းတောင်တန်းကြီးက မိုးမောက် မြင့်မားစွာ တည်ရှိနေသည်။ အရှေ့ဘက်တွင် မြစ်မင်းဧရာက တသွင်သွင်စီးဆဲ။ ပဒါန်းဆိုသည့် လမ်းဆုံက အမ်းတောင်ကြားမှ ရခိုင်ပြည်နယ်သို့လည်း သွားနိုင်သည်။ ဆည်တော်၊ ရွှေစက်တော်မှ မုံရွာကိုလည်းသွားနိုင်သည်။ ထိုဒေသတွင် မန်းချောင်းက ကွေ့ကောက်ရစ်ခွေစီးဆင်းနေသည်။ မန်းချောင်းအနီးမှ ငဖဲမြို့ ကလေးက သာယာလှပလျက် ရှိနေသည်။ **“ငဖဲ–ပဒါန်းအမြဲလွမ်းသည်”**ဟု စာဆိုရှိသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၄ရက် နံနက်ပိုင်းတွင် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် ပုသိမ်–မုံရွာ(မြောက်ပိုင်း)လမ်း ရှမ်းတပ်ကြီးကျေးရွာအနီးရှိ ရွှေချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ စာရေးသူတို့ ကြုံကြိုက်ရောက်ရှိခဲ့သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာအနောက်ခြမ်းမြို့တော်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။ ပုသိမ်–မုံရွာလမ်း ဧရာအနောက်ခြမ်းမှ ဖွံ့ဖြိုးမှုဒေသများနှင့် ဆက်စပ်နေသဖြင့် စာရေးသူတို့ လှေ့လာခဲ့ကြသည်။

ရွှေချောင်းတံတားဖွင့်ပွဲ၌ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင်–

“ယနေ့ဖွင့်လှစ်သည့် ရွှေချောင်းတံတားသည် ပုသိမ်–မုံရွာ (မြောက်ပိုင်း)လမ်း မင်းလှမြို့နယ် ရှမ်းတပ်ကြီးကျေးရွာအနီး ရွှေချောင်း (ပနီချောင်း)ကို ဖြတ်ပြီးတည်ဆောက်ထားသည့် တံတားဖြစ်ကြောင်း၊ ယခင်က ရွှေချောင်းတံတားကို သစ်သားတိုင်နှင့် အပေါ်ထည်ဘေလီသံပေါင်အမျိုးအစား တံတားကိုပင် တည်ဆောက်ထားခဲ့သည့်အတွက် မိုးရာသီကာလမှာ ရွှေချောင်းရေ ဒလဟောကျလာသည့်အခါမှာ တံတားများ မျောပါပျက်စီးမှုများရှိခဲ့ရပြီး မကြာခဏပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြရကြောင်း၊ ခရီးသွားပြည်သူများသည်လည်း ချောင်းရေကျချိန်အထိ ညအိပ်စောင့်ဆိုင်း သွားလာရခြင်းကြောင့် ဒုက္ခများစွာ တွေ့ကြုံရကြောင်း၊ ထို့ကြောင့် ဧရာဝတီအနောက်ခြမ်း၌ အဓိကကျသည့် ပုသိမ်–မုံရွာ လမ်းမကြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ရွှေချောင်းတံတားကို ယခုကဲ့သို့ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားအဖြစ် အခိုင်အမာ ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း”

ပြောကြားခဲ့သည်။

ထိုတံတားကြီးသည် ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ် အနောက်ခြမ်းနှင့် ငဖဲမြို့နယ်တောင်ဘက်ခြမ်းတို့ အဓိကဆက်သွယ် အကျိုးပြုမည်ဖြစ်သည်။ ကံမမြို့နယ်က ၁၅၄ရွာ၊ မင်းတုန်းမြို့နယ်က ကျေးရွာပေါင်း ၁၇၈ရွာ၊ မင်းလှမြို့နယ်က ကျေးရွာပေါင်း ၁၅၇ရွာ၊ ငဖဲမြို့နယ်က ကျေးရွာပေါင်း ၁၂၁ရွာ စုစုပေါင်းကျေးရွာပေါင်း ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူ သွားလာရောင်းဝယ်ဖောက်ကားနေကြပြီ ဖြစ်သည်။

ရွှေချောင်းတံတား ပြီးစီးသွားသည့်အတွက် ပဒါန်း–မင်းဘူး–မုံရွာလမ်းကို သွားရောက်ရာ၌ များစွာအဆင်ပြေ ချောမွေ့စေမည်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်က ထွက်ကုန်သီးနှံများ၊ ရေထွက်ပစ္စည်းများ အထက်အညာကို ပို့ဆောင်ရာတွင်ဖြစ်စေ၊ အထက်အညာဒေသက ထွက်ကုန်များကို အောက်ပြည်အောက်ရွာသို့ ပေးပို့ရာတွင်လည်း ပိုမိုသွက်လက် မြန်ဆန်လာမည်ဖြစ်သည်။ ခရီးသည်အတွက် သာမက ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင်ပါ သွက်လက်မြန်ဆန်စေမည် ဖြစ်သည်။

ရွှေစက်တော်ဘုရားဖူးသွားလာကြသည့် ပြည်သူများသည်လည်း ရန်ကုန်–ပြည်မှတစ်ဆင့် ဧရာဝတီ(နဝဒေး)တံတားကို ဖြတ်သန်းပြီး ပုသိမ်–မုံရွာလမ်း အတိုင်း မင်းတုန်း–ပဒါန်းမှတစ်ဆင့် ရွှေစက်တော်ဘုရားကို အလွယ်တကူ ရောက်ရှိဖူးမြော်နိုင်မည်ဖြစ်သည်။ ယခုအခါ မုံရွာ–ကလေးဝ–ကလေး–တမူး လမ်းသစ်ကြီးသည်လည်း ပြီးစီးနေပြီဖြစ်သည့်အတွက် ဤတံတားကြီး တည်ရှိသည့် ပုသိမ်–မုံရွာလမ်းမကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်လာနေပြီဖြစ်သည်။

မကွေးတိုင်းအတွင်းမှာပင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရွှေချောင်းတံတားအပါအဝင် ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား စသည့် တံတားကြီး၊ တံတားငယ်ပေါင်း ၁၁စင်းကိုလည်းကောင်း၊ မြန်မာ့မီးရထားက မြစ်သာ မြစ်ကူးတံတား၊ ဘွက်ကြီးတံတားနှင့် ယင်းချောင်းတံတားသုံးစင်းကိုလည်းကောင်း တည်ဆောက်ပေးပြီးဖြစ်၍ စုစုပေါင်းပေ ၁၈၀ အထက် တံတားပေါင်း ၁၄ စင်း ဆောက်လုပ်ပေးပြီးဖြစ်သည်။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ပေးရင်း တစ်ဖက်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိသည်။

စာရေးသူတို့ ကားလေးသည် ဆိပ်ဖြူမှတစ်ဆင့် ပခုက္ကူမြို့ပေါ်သို့ ရောက်ရှိခဲ့ကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သာအေးတို့နှင့်အတူ ပခုက္ကူမြို့သို့ ရောက်ရှိခဲ့ကြသည်။

ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

“ပခုက္ကူမြို့ ဝန်းကျင်ဒေသများဖြစ်သော ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ဒေသအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား မှာကြားဖွယ်ရာများ တွေ့ဆုံမှာကြားရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပခုက္ကူခရိုင်အတွင်း ရေစကြိုမြို့နှင့် ပေါက်မြို့နယ်များသို့ ယနေ့နံနက်ပိုင်းတွင် ဝင်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အထူးသဖြင့် ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးထောက်ကူမှုများ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာဝတီ အနောက်ဘက်ခြမ်း မြို့တော်အဖြစ် သတ်မှတ်ပြီး မြို့တော်အင်္ဂါရပ်များနှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ကူညီပံ့ပိုးစီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားခဲ့ပြီးနောက် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ မကြာခဏ လာရောက်ပြီး လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ အစဉ်တစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း”

ပြောကြားခဲ့သည်။

ယနေ့ဆိုလျှင် ပခုက္ကူခရိုင်အတွင်း၌ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး၊ ခုတင်(၅၀) ဆံ့ဆေးရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ အပါအဝင် ဆေးရုံပေါင်း ၁၅ ရုံ တည်ရှိနေပြီဖြစ်သည်။

ပညာရေးကဏ္ဍတွင်လည်း ပခုက္ကူတက္ကသိုလ်၊ ပခုက္ကူ အစိုးရ ကွန်ပျူတာကောလိပ်၊ ပခုက္ကူအစိုးရ နည်းပညာကောလိပ်တို့ တည်ရှိနေပြီ ဖြစ်သည်။

ပခုက္ကူမြို့ဝန်းကျင်ဒေသသည် ဝါစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်၍ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီးကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ မြောက်မြားစွာ တည်ဆောက်ပေးထားပြီး ဖြစ်သည်။

ပွင့်ဖြူမြို့နယ်‘စီးမား ၂၀ စပ်မျိုးစပါး’စမ်းသပ်စိုက်ပျိုးကွင်းတွင် စီးမား ၂၀ စပ်မျိုးစပါး တစ်ဧက ကောက်ကွက်မှာ ၁၃၃၃၃၀ ရှိ၍ စပါးတစ်နှံတွင် ၄၆၅ စေ့ရှိသည်။ တစ်ဧက အသားတင်ထွက်နှုန်းမှာ ၂၁၂ တင်း ထွက်ရှိနေကြောင်း တောင်သူလယ်သမား ဦးကြီးများထံမှ မေးမြန်းသိရှိခဲ့ရသည်။

မကွေးတိုင်းအတွင်း တည်ဆောက်ပြီး ဆည်ပေါင်း ၂၆ခု၊ တည်ဆောက်ဆဲ ကိုးခု၊ ဆက်လက်တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်း ၁၁ခု လျာထားဆောင်ရွက်လျက်ရှိသည်။ မြစ်ရေတင်စီမံကိန်း ၄၆ခု တည်ဆောက်ပြီးဖြစ်၍ တည်ဆောက်ဆဲ စီမံကိန်းတစ်ခုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်း ခြောက်ခု လျာထားကြောင်း သိရသည်။

ပခုက္ကူနှင့် ချင်းပြည်နယ်မှမြို့များ၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမည့် အစီအမံများ စီမံဆောင်ရွက်လျက်ရှိသည်။ ပခုက္ကူမှ ချင်းပြည်နယ်သို့ ဆက်စပ်နေသည့်လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့် မွမ်းမံဖောက်လုပ်လျက်ရှိရာ ပခုက္ကူ–မင်းတပ်–မတူပီ–ရေဇွာ–ဟားခါး တောက်လျှောက် လမ်းပေါက်ရေး ရည်မှန်းဆောင်ရွက်နေခြင်း ဖြစ်သည်။

မကြာသေးမီက ချင်းပြည်နယ်အတွက် လေကြောင်းလမ်းခရီးတစ်ခုအဖြစ် ရည်ရွယ်ထားသည့် ကျောက်ထုလေယာဉ်ကွင်းသစ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မကွေးတိုင်းသည် ရွှေကိုမလို၊ ရေကိုသာလိုသည်ဟု တင်စားရမည့် ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ခဲ့ရာ ရေလိုအပ်မှုကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ဒေသခံ ကျေးလက်ပြည်သူများကလည်း ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ခဲ့ရာ ၁၀၀၀ခန့်ရှိသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်လာစေရန် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်နေသည်။ ဆယ်နှစ်ကျော်ကာလအတွင်းမှာပင် မကွေးတိုင်း၏ ရေမြေအခြေအနေသည် သိသိသာသာ ပြောင်းလဲသွားပြီဖြစ်သည်။ သစ်တောသစ်ပင်များဖြင့် စိမ်းစိုလာသည်။ ပူပြင်းလှသော ရာသီဥတုအရှိန်မှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာသည်။ ရေရရှိလာပြီဖြစ်၍ ယာမြေများသည် လယ်မြေများအဖြစ် ပြောင်းလဲလာသည်။ ခြောက်သွေ့သော လွင်ပြင်၌ အစိမ်းရောင်လွှမ်းသော မြေနေရာများ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဩဂုတ် ၁၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ဇီးကုန်း–သစ်နဖားလမ်းပေါ်ရှိ ဇရပ်လှသံတံတားပြင်ဆင်မွမ်းမံရေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၅ ရက်က ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်လှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွှန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ သောက်သုံးရေရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဌေးတို့ ဩဂုတ် ၁၂ ရက်က ကျေးရွာဆိုင်းဘုတ်များ တစ်ပြေးညီ စိုက်ထူပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

မုံရွာ သြဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ သြဂုတ် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ဓာတ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်သန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

သင်တန်းပို့ချ

အဆိုပါသင်တန်းကို မုံရွာမြို့နယ်တွင် ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၀ မှ သင်တန်းသား ၄၂ ဦးနှင့် သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းပို့ချမှုကာလမှာ ရက်သတ္တတစ်ပတ်ကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်သတင်း နှင့် မြင်ကွင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



- ✳ **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။**
- ✳ **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာအုပ်စု ပါပူးစံပြကျေးရွာဖွင့်ပွဲကို သြဂုတ် ၁၉ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစာကြည့်တိုက်များ အိမ်မဲမြို့၌ဖွင့်လှစ်

အိမ်မဲ သြဂုတ် ၁၅

အိမ်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး စာကြည့်တိုက်များကို ဇူလိုင် ၂၉ရက်ကတကောကျေးရွာတွင် ပြည်သူ့အလင်း စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကျေးရွာအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေမြင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အကြောင်းကို ရှင်းလင်းပြောကြားကြသည်။

အလားတူ ညောင်ကုန်းချောင်းဖျား၊ ရေသိုးညောင်ပိုင်း၊ အင်းတမိ၊ ထန်းတပင်၊ ကန်ကြီးဒေါင့်နှင့်ကန်ကြီးဒေါင့်ကုန်းကျေးရွာများတွင်စာကြည့်တိုက်များ ဖွင့်လှစ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကသာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းသည့် အခမ်းအနားကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သြဂုတ် ၁၆ ရက်က ကျင်းပရာ ခရိုင်ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးညွန့်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ စာအုပ်များနှင့် ပြည်သူများလှူဒါန်းသော စာအုပ်များကို ကျေးရွာ ၅၀ သို့ တစ်ရွာချင်း ပေးအပ်လှူဒါန်းကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်တွင် လင်းရောင်ခြည် ကျေးလက်စာကြည့်တိုက်ဖွင့်

ကျောက်ဆည် သြဂုတ် ၁၅

ကျောက်ဆည်မြို့နယ် အနောက်သာဂရ(စံပြ)ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို သြဂုတ် ၉ ရက်က ကျင်းပရာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးချစ်ထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြအောင်တို့က ဖဲကြိုးဖြတ်၍ လင်းရောင်ခြည် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းဖွင့်ပွဲ အခမ်းအနားသို့ မြို့မိမြို့ဖ ဦးတက်ထွန်း၊ အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်(မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်တာဝန်ခံ)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်–ကျောက်ဆည်)တို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကြကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

နတ်မောက်မြို့နယ် လူငယ်တံခွန်စာကြည့်တိုက်ဖွင့်

မကွေး သြဂုတ် ၁၅

မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ နတ်မောက်မြို့နယ် တံခွန်တိုင်စံပြကျေးရွာ “လူငယ်တံခွန်”စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိဦးဆန်းနှင့် တာဝန်ရှိသူများတက်ရောက်ဖွင့်လှစ်ပေးကြပြီး သုတ၊ ရသစာအုပ် ၂၀၀ ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပေးအပ်လှူဒါန်းကြသည်။

အလားတူ မကွေးမြို့နယ် ကြာကန်ကျေးရွာ၊ ကြို့ပင်အင်း၊ ညောင်ကန်၊ ပုဂံမျှော်နှင့်ကျူချောင်းကျေးရွာတို့တွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

စာတတ်သူတိုင်း စာဖတ်ပို့ စာကြည့်တိုက်များ ထူထောင်စို့

29-8 (16).p65 1 03-25-1905, 1:11 PM

လက်ထပ်ပြီးစီးခြင်း

(ဒေါက်တာဦးစစ်သန်းဦး)–ဒေါက်တာဒေါ်တင့်လျှမ်းဝေ(ဒု–ညွှန်ကြားရေးမှူး)
ကျန်းမာရေးဦးစီးဌာန(ငြိမ်း) တို့၏သား
မောင်လွန်းဝေ 2nd Year Y.I.T
Second Mate (F.G)[ECHO Shipping Co.,Ltd.]
နှင့်
ဦးသန်းအုန်း (Chairman:NADIOO Co.,Ltd.)–ဒေါ်သိန်းသိန်းရီ
(ဦးဇော်ဝင်း)–ဒေါ်မြမြသိန်း(အမက–၁၀၊စမ်းချောင်း)တို့၏သမီး
မမေသက်ဇော် B.Sc (Zool)Q
Accountant [C.H Line S.A]

တို့သည် ၂၅–၈–၂၀၀၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ သဘောတူညီမှုအရ ဒေါ်ကျင်စန်း (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လွန်းဝေ–မမေသက်ဇော်။

မွေးနေ့ဆုမွန်လွှာ

ကျေးဇူးရှင်ဖခင်ကြီးဦးစိုးသန့်(ခိုင်ရွှေစိမ်းခြံထွက်သီးနှံရောင်းဝယ်ရေး)၏ ၂၈–၈–၂၀၀၄ရက်တွင်ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် အသက်တစ်ရာအနာမရှိ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံစွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဇနီး	–	ဒေါ်ခင်နွဲ့နွဲ့(ခိုင်ရွှေစိမ်းခြံထွက်သီးနှံရောင်းဝယ်ရေး၊ ရန်ကုန်)
ချစ်သားကြီး	–	မောင်မြတ်နောင်စိုး (E.G.T.I;Mech) First Year (Myanmar)
ချစ်သားလတ်	–	မောင်သက်နောင်စိုး B.A. (Law)
ချစ်သားငယ်	–	မောင်မောင်စန်း (2nd Year U.C.S.Y)
ချစ်သမီးကြီး	–	မသိင်္ဂါသိမ်းစိုး B.Sc. (°Botany)
ချစ်သမီးငယ်	–	မစုမြတ်စန္ဒီစိုး။

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာအုပ်စု အာယုဒီဃ ပျိုးဥယျာဉ်စာသင်တိုက်တွင် ၂၀–၁၀–၂၀၀၄ ရက်မှ ၃၁–၁၀–၂၀၀၄ ရက်ထိ ကျင်းပပူဇော်မည့်

“အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲ”နှင့် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ (၃)မြို့နယ် ဆရာတော်များ ပါဝင်သော ပျဉ်းမပင် “သုဓမ္မာရာပြည့်” မဟာပဝါရဏာပြု သံဃာ့ပူဇော်ပွဲကြီးအား ကြည်ညိုသဒ္ဓါပွားများ၍ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ပါရန်–

ဖုန်း – ၆၃၉၅၀၁ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။
